# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# နဝမနေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

## (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်အခွင့်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး ရှိတဲ့အနက် ၃၈၂ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၉.၀၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၈-၁-၂၀၁၃ ရက်နေ့မှာ ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၉ ဦးအနက် တက်ရောက်သူဦးရေ ၃၈၂ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၄၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၄၇ ဦးအနက် ၁၂ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၃၅ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ချမ်းအေးသာစံမဲဆန္ဒနယ် ဒေါက်တာကျော်မြင့် ခွင့် ၂ ရက်၊

(၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်ဦး ခွင့် ၂ ရက်၊

(၃) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်၊

(၄) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၅) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၄ ရက်၊

(၆) မြိတ်မဲဆန္ဒနယ်မှ ဦးဋ္ဌေးမြင့် ခွင့် ၁ ရက်၊

(၇) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊

(၈) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၂ ရက်၊

(၉) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၂ ရက်၊

(၁၀) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၅ ရက်၊

(၁၁) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၅ ရက်၊

(၁၂) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၁၃) ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ် ခွင့် ၁ ရက်၊

(၁၄) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၁ ရက်၊

(၁၅) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၁ ရက်၊

(၁၆) နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း ခွင့် ၁ ရက်၊

(၁၇) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၂ ရက်၊

(၁၈) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၁ ရက်၊

(၁၉) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊

(၂၀) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၂၁) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၁ ရက်၊

(၂၂) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်၊

(၂၃) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၁ ရက်၊

(၂၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသော်ဇင် ခွင့် ၁ ရက်၊

(၂၅) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၃ ရက်၊

(၂၆) မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင် ခွင့် ၃ ရက်၊

(၂၇) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဒွေး ခွင့် ၃ ရက်၊

(၂၈) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၅ ရက်၊

(၂၉) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၅ ရက်၊

(၃၀) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

(၃၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၅ ရက်၊

(၃၂) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊

(၃၃) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၁ ရက်၊

(၃၄) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၁ ရက်၊

(၃၅) ဘုုးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ) ဦးအဒူရော်ဇက် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၃၅ ဦးအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၅ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၄၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတက္ကသိုလ် ဥပဒေဌာနမှ ပါမောက္ခဒေါက်တာဒေါ်တင်ဒွေးရီ ခေါင်းဆောင်တဲ့ မန္တလေးတက္ကသိုလ်ဥပဒေဌာန၊ လူစွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ ဖွင့်လှစ်ထားသော အပြည်ပြည်ဆိုင်ရာ ဥပဒေဒီပလိုမာသင်တန်းသား သင်တန်းသူ ၈၉ ဦး၊ သင်တန်းသားများကို ခေါင်းဆောင်လာတဲ့ ဆရာ ဆရာမ ၁၆ ဦးဟာ ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပနေခြင်းကို လာရောက်လေ့လာမှုပြုနေကြပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**အသက် ၆၀ နှစ်ပြည့်ပြီး ဆက်လက်အမှုထမ်းဆောင်စေခြင်းအား ရပ်ဆိုင်းပေးရန်၊ မဖြစ်မနေလိုအပ်ပါက ကျွမ်းကျင်သူအဖြစ်သာ ခန့်ထားရန်နှင့် လစ်လပ်ရာထူးနေရာဖော်ပြပေးရန် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပေးနိုင်ခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဧည့်သည်တော်ကြီး များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ မေးမြန်းမယ့် မေးခွန်းကတော့ ဝန်ထမ်းများနှင့်ပတ်သက်လို့ ဖြစ်ပါတယ်။ ဒီနေ့ မြန်မာနိုင်ငံမှာ ၂၀၀၃ စာရင်းအရ ဆိုရင် ဝန်ထမ်းပေါင်း အားလုံး ၁၃ သိန်းခန့် ခန့်ထားနိုင်ပြီးတော့ ဒီနေ့လက်ရှိအခြေအနေမှာ တော့ ၉ သိန်းခန့် ခန့်ထားတယ်လို့ သိရှိရပါတယ်။ ၉ သိန်းခန့်အနက်မှာ ၅ သောင်းခန့်ကတော့ အရာရှိပိုင်း ဖြစ်ပြီးတော့ ကျန်တဲ့ ၈၅၀၀၀၀ ခန့်ကတော့ ဝန်ထမ်းများဖြစ်ပါတယ်။ ဒါနှင့်ပတ်သက်လို့ ကျွန်တော်တို့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီနေ့ မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးစသည်

ဖြင့် လုပ်ငန်းများမှာ ဝန်ထမ်းများက တာဝန်ယူဆောင်ရွက်နေရပါတယ်။ ဒီလို တာဝန်ယူဆောင်ရွက်တဲ့ နေရာမှာလည်း ဝန်ထမ်းကောင်းမှုလည်း လုပ်ငန်းကောင်းမှုပါ။ လုပ်ငန်းကောင်းမှုလည်းပဲ ရည်မှန်းချက်ကို ပေါက်မြောက်အောင်မြင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒီနေ့အစိုးရအနေနဲ့ ကောင်းမွန်သော အစိုးရ၊ သန့်ရှင်းသော အစိုးရဖြစ်ရေးအတွက် လည်း အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေချိန် ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးကဏ္ဍနယ်ပယ်အသီးသီးမှ လည်းကောင်း၊ သတင်းမီဒီယာ များနှင့် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည့်အလျှောက် အထိုက်အလျှောက် ရည်မှန်းချက်ကို ပြည့်မီအောင်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အစိုးရဌာနအသီးသီးမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းများဟာ အဓိကထား ပါဝင်ဆောင်ရွက်နေရတာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အများအားဖြင့် ဝန်ထမ်းဆိုသည်မှာ မိမိတို့၏ ဝန်ထမ်းဂုဏ်ကိုယူပြီးတော့ ဆောင်ရွက်ရတာ ဝန်ထမ်းများအဖို့ မိမိဂုဏ်၊ မိမိသိက္ခာအတွက် ဆောင်ရွက်နေကြတာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ ဒီနေ့အချိန်အခါအရ ဝန်ထမ်းများဟာ လိုအပ်တဲ့စားဝတ်နေရေးအပိုင်းမှာ များစွာလိုအပ်လို့ ဥက္ကဋ္ဌကြီးကိုယ်တိုင် ဝန်ထမ်းလစာ တိုးပေးရေး ကိုလည်း အဆိုတစ်ရပ်အနေနဲ့ တင်သွင်းခဲ့ပါတယ်။ ဒီအပေါ်မှာ နိုင်ငံတော်အစိုးရအနေနဲ့လည်း ဝန်ထမ်းတစ်ဦးရဲ့ အနိမ့်ဆုံးလစာဟာ တစ်သိန်းခန့်ရှိမှသာလျှင် ပြေလည်မယ်၊ ပြည့်ပြည့်စုံစုံဖြစ်မယ်လို့ ရည်မှန်းပြီးတော့ တောင်းဆိုသော် လည်းပဲ နိုင်ငံတော်ရဲ့ အခြေအနေအရ ဝန်ထမ်းများကို ဒီနေ့ ၃၀၀၀၀ ခန့်သာ ထောက်ပံ့နိုင်တဲ့ အနေအထားဖြစ်လို့ နိုင်ငံတော်အစိုးရအနေနဲ့လည်းပဲ တတ်နိုင်မယ်ဆိုရင် မူလအဆိုပြုအကတိပြု ထားတဲ့အတိုင်းပဲ ဝန်ထမ်းများလစာကိစ္စကို တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သလို တစ်ဖက် တစ်လမ်းကလည်း ဝန်ထမ်းများကို ကူညီနိုင်တဲ့အကူအညီများ ကူညီပေးဖို့ ဖြစ်ပါတယ်။ ဒါနှင့် ပတ်သက်လို့ တင်ပြရမယ်ဆိုရင်တော့ ဝန်ထမ်းများအနေနဲ့ ဒီနေ့ ရာထူးရာခံရာထူးကို အချိန်လည်း စေ့တယ်၊ ဒီရာထူးမှာ လုပ်ငန်းလည်း ကျွမ်းကျင်တယ်၊ လုပ်နိုင်ကိုင်နိုင်တယ်ဆိုရင် သူတို့ Promotion ခေါ်တဲ့ ရာထူးတိုးမြှင့်ရေးကို အလွန်မှပင် တောင့်တကြပါတယ်။ ဒီလိုတောင့်တတဲ့နေရာမှာ ယခင်ခေတ်အချိန်အခါက အကြောင်းအကြောင်းကြောင့် ရာထူးနေရာများ၊ ဝင်ပေါက်များကို အခြားမသက်ဆိုင်သူများကို ခန့်ထားခြင်း၊ ရာထူးနေရာများကို အသက်ပြည့်သော်လည်းပဲ Extension နှင့် အကြံပေးများအဖြစ် ဆက်လက်ခန့်ထားခြင်းကို အချို့သော ဝန်ကြီးဌာနနေရာများမှာ တွေ့မြင်ရပါ တယ်။ ဒါကတော့ တကယ်တော့ ပြီးခဲ့တဲ့ နိုင်ငံတော်အစိုးရအနေနဲ့ ကျွမ်းကျင်သူများကို အားထားရမှာ

ဖြစ်တဲ့အတွက် ဒါဆောင်ရွက်တာဟာ မှန်ကန်ပါတယ်။ အဲဒီလိုပဲ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ အသက် ၆၀ ကျော်သော်လည်းပဲ Extension ပေးပြီးတော့ ဒီဝန်ထမ်းနေရာ Post ဆိုပြီးတော့ ဆက်လက်ပြီးတော့ ခန့်ထားခဲ့ပါတယ်။ သို့သော်လည်းပဲ ဒီနေ့ ဒီအချိန်ခါမှာ ပုဂ္ဂလိက အခန်းကဏ္ဍလည်း တိုးမြှင့်ဆောင်ရွက်နေတဲ့အတွက် အစိုးရဌာနမှာ မလိုတဲ့ဌာနတွေကို လျှော့ပစ်ခြင်း၊ ပေါင်းစပ်ခြင်း ဆောင်ရွက်နေတဲ့ အချိန်အခါလည်းဖြစ်ပါတယ်။ ဒါကြောင့် ဝန်ထမ်းများအတွက် ဒီအချိန်မှာ ရသင့်ရထိုက်တဲ့ ရာထူးတာဝန်ကို တိုးမြှင့်ထမ်းဆောင် ဆောင်ရွက်လိုပါတယ်။ ဒီနေ့ အချိန်အခါအရ ကျွမ်းကျင်သူများ လုပ်ငန်းမကျွမ်းကျင်သေးလို့ဆိုပြီးတော့ လက်ရှိ အသက် ၆၀ ပြည့်ပြီးသူများကိုပဲ ဆက်လက်ခန့်ထားဆောင်ရွက်နေတာ အချို့ရှိခဲ့ပါတယ်။ ဒါနှင့်ပတ်သက်လို့ ဒီဝန်ထမ်းများကို အဲလိုကျွမ်းကျင်သူများကို ဆက်လက်ရာထူးနေရာမှာ ခန့်ထားတဲ့အစား ဒီကျွမ်းကျင်သူများကို ကျွမ်းကျင်သူအဖြစ်ပဲ ခန့်ထားပြီးတော့ သူတို့ရဲ့ နေရာ Post ကို ဖယ်ပေးမယ်ဆိုရင် ဒီနေရာ Post ကို တစ်ဆင့်ချင်း တစ်ဆင့်ချင်းတက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုရာထူး တိုးမြှင့်ပေးမယ်ဆိုရင် တစ်ယောက်ပေးလိုက်မယ်ဆိုရင် ဆင့်ကဲဆင့်ကဲရာထူး တစ်ဦးသွားရင်အောက်က ၁၀ ဦးလောက်တက်နိုင်တယ်။ ၁၀ ဦးလောက်သွားရင် ဦး ၁၀၀ လောက် နောက်က တက်နိုင်တယ်။ ဒီလိုတက်နိုင်တာဖြစ်တဲ့အတွက် တကယ်လို့ ကျွမ်းကျင်သူများ လိုအပ်လို့ရှိရင်လည်းပဲ သက်ဆိုင်ရာထူး Post ကို မယူဘဲနှင့် ကျွမ်းကျင်သူအဖြစ်ပဲ ဥပဒေပြဋ္ဌာန်းခန့်ထားပြီးတော့မှ ဆောင်ရွက်သင့်ပါတယ်။ ဒီရာထူးကို သက်ဆိုင်ရာ ဆင့်ကဲဆင့်ကဲ ပေးရမယ့်လူတွေကို ပေးသင့်ပါတယ်။ ဒီနေ့ကျွန်တော်တို့ Human Resources လို့ခေါ်တဲ့ ဒီလူသားအရင်းအမြစ်ကို လူ့စွမ်းအားအရင်းအမြစ်ကို အသုံးချတဲ့နေရာမှာလည်းပဲ ပီပီပြင်ပြင်အသုံးချသွားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရဌာနအသီးသီးမှာ ရှိတဲ့ ဝန်ထမ်းများနှင့်ပတ်သက်လို့ ကျွန်တော်တို့ မေးလိုသည်မှာ ယခင်ကကဲ့သို့ အသက် ၆၀ ပြည့်သော်လည်းပဲ Extension ခေါ် ဆက်လက်အမှုထမ်းဆောင်စေခြင်း မျိုးအား ရပ်ဆိုင်းပေးရန် အစီအစဉ်ရှိ၊ မရှိ။ ရပ်ဆိုင်းရန် အစီအစဉ်မရှိပါက မည်သည့်အတွက် ဖြစ်သည်ကို သိလိုပါကြောင်း။ မဖြစ်မနေ လိုအပ်ပါက ၎င်းရာထူးများကို ကျောထောက်ခံရသူထားသူအဖြစ်မထားရှိဘဲ ကျွမ်းကျင်အဖြစ်သာ ခန့်ထားနိုင်ခြင်းရှိ၊ မရှိ။ ၎င်းအတွက် နိုင်ငံတော်မှ အသက် ၆၀ ပြည့်ပြီးသူများအား ၎င်းနောက်ဆုံး လုပ်ကိုင်ခဲ့သည့်ရာထူးကို ကျောထောက်နောက်ခံအဖြစ် မယူစေဘဲခန့်ထားလိုပါက ပုံသေ ကျွမ်းကျင်သူအဖြစ် ခန့်ထားရန်နှင့် လစ်လပ်ရာထူးနေရာများဖော်ပေးရန် အမိန့်ကြော်ငြာစာများ

ထုတ်ပြန်ပေးနိုင်ခြင်းရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၂)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက် လာတဲ့ ဧည့်သည်တော်ကြီးများ ကျန်းမာ၊ ချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်ရဲ့ မေးခွန်းကို ဖြေကြားခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ တာဝန်ထမ်းဆောင်ပြီး အသက် ၆၀ ပြည့်သော်လည်း နိုင်ငံတော်အတွက် လုပ်ငန်းလိုအပ်ချက်အရ ဆက်လက်တာဝန်ထမ်းဆောင်ရန် လိုအပ်တဲ့အချိန်များမှာ သို့မဟုတ် အစားထိုးတာဝန်ပေးအပ်ရမယ့် ဝန်ထမ်းများအနေနဲ့ ကျွမ်းကျင်မှု၊ လုပ်သက်နုနေ၍ ပူးတွဲတာဝန်ထမ်းဆောင်ရန် လိုအပ်တဲ့အချိန် သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုအတွက် လိုအပ်ချက်အရ အကြံပေးအရာရှိအဖြစ် ဆက်လက်ခန့်ထားတာဝန်ပေးခဲ့တာတွေ ရှိခဲ့ပါတယ်။ အခုလိုရှိခဲ့ရင်လည်းပဲ နိုင်ငံတော်သမ္မတရုံးကို တင်ပြခွင့်ပြုချက်ရယူပြီး အစိုးရအဖွဲ့အစည်းအဝေးမှာ တင်ပြပြီး ဆုံးဖြတ်ချက်ရရှိပြီးမှသာ ဆောင်ရွက် ရတာ ဖြစ်ပါတယ်။ နိုင်ငံ့တာဝန်ထမ်းဆောင်ပြီး အသက် ၆၀ ပြည့်သွားပေမယ့် အကြံပေးအဖြစ် ဆက်လက်ခန့်ထားရတဲ့ အဓိက အကြောင်းအရင်းကတော့ အချို့သောဌာနများမှာ ရာထူးကို အစားထိုး ခန့်အပ်ပေးရမယ့် ပုဂ္ဂိုလ်ရဲ့ အရည်အချင်း ပြည့်မီမှုမရှိခြင်း၊ လုပ်ငန်းဆိုင်ရာအရည်အချင်းနှင့် ပတ်သက်ပြီးတော့ အထက်ဌာနအကြီးအကဲမှ ယုံကြည်မှုအပြည့်အဝ မရရှိခြင်းကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ဆက်လက်ပြီး တာဝန်ကို လွှဲပြောင်းရယူမယ့် ပုဂ္ဂိုလ်ရဲ့ အရည်အသွေး၊ အရည်အချင်း ပြည့်ဝမှု၊ အထက်အကြီးအကဲမှ ယုံကြည်စိတ်ချရဖွယ်မရှိသေးတဲ့အတွက် လက်ရှိတာဝန်ထမ်းဆောင်နေသူကို သာ အကြံပေးအဖြစ် ဆက်လက်တာဝန်ပေးပြီး ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်း ဖြစ်ပါ တယ်။ တချို့သော ဝန်ကြီးဌာနများမှာ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေတဲ့ အရာရှိတစ်ဦးဟာ မိမိ တာဝန်ထမ်းဆောင်နေသော ရာထူးအဆင့်၏ အထက် နှစ်ဆင့်မြင့်ကို ထမ်းဆောင်နိုင်အောင် လေ့ကျင့် ထားရသလို မိမိလက်အောက် နှစ်ဆင့်အထိ ဆင်းပြီး အလုပ်လုပ်နိုင်အောင်လေ့ကျင့်ထားရတာ ရှိပါ

တယ်။ ထို့အတူပဲ ဝန်ထမ်းတိုင်းဟာလည်းပဲ မိမိကိုပေးအပ်လာတဲ့ အဆင့်မြင့်တာဝန်များကို အရည်အချင်းပြည့်ဝစွာတာဝန်ထမ်းဆောင်နိုင်အောင် အမြဲကြိုးစားလေ့ကျင့်နေကြရမှာ ဖြစ်ပါတယ်။ ရာထူးသာရယူပြီး အရည်အချင်းမပြည့်မီရင်တော့ ရာထူးတိုးခန့်အပ်နိုင်မှာမဟုတ်ပါဘူး။ အထူးသဖြင့် နည်းပညာပိုင်းနှင့်ပတ်သက်လို့ ရာထူးတိုးနေရာယူလွဲပြောင်း လက်ခံရမည့်ပုဂ္ဂိုလ်များဟာ အရည်အချင်း၊ အရည်အသွေးပြည့်ဝကောင်းမွန်နေအောင် ကြိုးပမ်းဆောင်ရွက်နေဖို့ လိုအပ်ပါတယ်။ ၎င်းတို့အနေနဲ့ အရည်အချင်း၊ အရည်အသွေးပြည့်ဝနေပါက မျိုးဆက်သစ်များကို လိုလိုလားလား တာဝန်ပေးအပ်ခန့်အပ်သွားမှာ ဖြစ်ပါတယ်။ ကျွမ်းကျင်သူအဖြစ် ခန့်အပ်ခြင်းအနေနဲ့ကတော့ လစ်လပ်သွားတဲ့သူရဲ့ရာထူးနေရာမှာ နောက်လူကို အစားထိုးခန့်အပ်တဲ့အတွက် ၎င်းအနေဖြင့် ကျွမ်းကျင်သူအဖြစ်သာ သီးခြားတာဝန်ထမ်းဆောင်ရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပညာရှင် အချို့နှင့် လုပ်ငန်းလိုအပ်ချက်အရ အချို့သောပုဂ္ဂိုလ်များကိုသာ သီးသန့်ရွေးချယ်ပြီး အကြံပေးအရာရှိ အဖြစ် ခန့်အပ်ခြင်းဖြစ်ပါတယ်။ နောင်အခါများမှာတော့ အကြံပေးပုဂ္ဂိုလ်အဖြစ် မခန့်အပ်တော့ဘဲ ကျွမ်းကျင်သူအဖြစ်သာ ခန့်အပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

**ကွန်ဟိန်းမြို့နယ် မြို့နယ်စာရင်းစစ်ရုံးအဆောက်အဦဆောက်လုပ်ရန်အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ် ဟာ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးနှင့် တာချီလိတ်လမ်းမကြီးတစ်လျှောက်မှာတည်ရှိပါတယ်။ မြို့နယ်စာရင်းစစ်ရုံးမရှိသေးပါဘူး။ မြို့နယ်စာရင်းစစ်ရုံးတည်ဆောက်ရန်အတွက် ဌာနပိုင်မြေရရှိထား ပြီးတော့ ၂၀၁၁ ခုနှစ်မှာ မြေဂရန်လျှောက်ထားကြောင်းကို သိရှိရပါတယ်။ မြို့နယ်အတွင်း မြို့နယ် စာရင်းစစ်ရုံးအဆောက်အဦရလို၍ ၂၀၁၀ -၂၀၁၁ခုနှစ် မှာတစ်ကြိမ်၊ ၂၀၁၂-၂၀၁၃ ခုနှစ်မှာတစ်ကြိမ် ပြည်နယ်စာရင်းစစ်ချုပ်အထိ ဘတ်ဂျက်တင်ပြတောင်းခံခဲ့သော်လည်း ယခုအချိန်အထိ မရသေး ကြောင်းသိရှိရပါတယ်။ မြို့နယ်စာရင်းစစ်ရုံးမှာ မိမိရဲ့ကိုယ်ပိုင်အဆောက်အဦ မရှိသေး၍ အခက်အခဲ များစွာကြုံတွေ့ နေရကြောင်းကိုလည်းကြားသိခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ကွန်ဟိန်းမြို့နယ် မြို့နယ်စာရင်းစစ်ရုံး အဆောက်အဦဆောက်လုပ်ရန် အစီအစဉ်ရှိပါသလား။ အဆောက်အဦ ဆောက်လုပ်ရန် ၂၀၁၃-၂၀၁၄ ခုနှစ် ဘတ်ဂျက်မှာထည့်သွင်းပေးနိုင်ပါမည်လား။ ၂၀၁၃-၂၀၁၄ ခုနှစ်

ဘတ်ဂျက်မှာ မထည့်သွင်းနိုင်သေးလို့ဆိုပါက အဘယ်ကြောင့်နည်း။ မည်သည့်အချိန်ကာလတွင် တည်ဆောက်ရန်စီစဉ်ထားပါသနည်း။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးမြင့်(ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကွန်ဟိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်နန်းဝါနုမေးခွန်းကို ကျွန်တော် ဒုတိယစာရင်းစစ်ချုပ်က ပြန်လည်ဖြေကြားတင်ပြပါ့မယ်ခင်ဗျား။ ကွန်ဟိန်းမြို့နယ်စာရင်းစစ်ရုံးဟာ အခမဲ့ငှားရမ်းဖွင့်လှစ်ထားတဲ့ရုံးဖြစ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဟာ ယခင်ကာလတွေတည်းကပဲ တစ်ပြည်လုံးမှာရှိတဲ့ မြို့နယ်စာရင်းစစ်ရုံးများအသီးသီး ကိုသူတို့ရဲ့အခြေအနေ အခက်အခဲအပေါ် မူတည်ပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ တစ်နှစ်ကို ၃ ရုံး၊ ၄ ရုံးစသည်ဖြင့် ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ် စာရင်းစစ်ချုပ်ရုံးအတွက် မြေဂရန်မရရှိသေးပါဘူးခင်ဗျား။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ရုံးအဆောက်အဦနှင့် ခြံစည်းရိုးကာဖို့ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရုံးကို မြို့နယ်စာရင်းရုံးကတင်ပြချက်ဟာ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှာမှ ဆောက်ရွက်တာဖြစ်တဲ့အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှာ ထည့်သွင်းလျာထားခြင်း မပြုနိုင်ခဲ့ပါဘူး။ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရရဲ့ အမျိုးသားစီမံကိန်းမှာ စာရင်းစစ်ရုံး ၁ ရုံးပဲ ဆောက်လုပ်ဖို့ပါရှိခဲ့တာဖြစ်ပါတယ်။ အဲ့ဒီမှာ ပုဂ္ဂလိကပိုင် အဆောက်အဦမှာ ငှားရမ်းပြီးတော့ ပျက်စီးယိုယွင်းနေပြီဖြစ်တဲ့ လဲချားမြို့နယ်စာရင်းစစ်ရုံး ဆောက်လုပ်ဖို့ဦးစားပေးပြီးတော့ ငွေလုံးငွေရင်း လျာထားခဲ့ရတာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရရဲ့ အမျိုးသားစီမံကိန်းမှာ စာရင်းစစ်ရုံး ၂ ရုံး ဆောက်လုပ်ဖို့ ပါရှိပါတယ်။ အခု ကိုယ်စားလှယ်တော်ကြီးရဲ့ ဆွေးနွေးချက်များအရ အဲ့ဒီနှစ်မှာ ၂၀၁၄-၂၀၁၅ နှစ်မှာ ကွန်ဟိန်းမြို့နယ်စာရင်းရုံးနှင့် သီပေါမြို့နယ် စာရင်းရုံးများကို ငွေလုံးငွေရင်းတောင်းခံပြီးတော့ ရရှိပါက ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**နည်းပညာတက္ကသိုလ်တွင် ပညာသင်ကြားလျက်ရှိသော B.E ဘွဲ့ပညာမမီ၍ ကျောင်းထွက်သွားရသော A.G.T.I ဘွဲ့ရသည့် ကျောင်းသားကျောင်းသူများအား မည်သို့စီစဉ်ဆောင်ရွက်ထားသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ် ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းရီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် နည်းပညာတက္ကသိုလ် ကျောင်းများတွင် ပညာသင်ကြားရင်း A.G.T.I ဒီပလိုမာ လက်မှတ်ဖြင့် ကျောင်းပြင်ပသို့ ရောက်ရှိသွားသော ကျောင်းသားကျောင်းသူများနှင့် စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သည် တစ်မျိုးသားလုံး၏ ပညာရည်မြင့်မားရေးနှင့် ကျွမ်းကျင်သော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နည်းပညာရှင်များ ပေါ်ထွန်းစေရေးအတွက် အဆင့်မြင့်ပညာမူဝါဒများတွင် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည်လည်း နိုင်ငံတော်အတွက် တိုးတက်ပြောင်းလဲလာသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့မှချမှတ်ထားသော ထောင်စုနှစ်၏ ရည်မှန်းချက်များနှင့်အညီ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့နိုင်ငံများပေါင်းစည်း အကောင်အထည်ဖော်ဆောင်ရွက်သည့်အချိန်၌ လိုအပ်လာမည့် နည်းပညာရှင်များ၊ အတတ်ပညာရှင်များ အဆင်သင့်ရှိနေစေရေးအတွက် လေ့ကျင့်ဆောင်ရွက်ပေးရေးမူဝါဒများ ချမှတ်ပေးထားပါသည်။ ဒေသတစ်ခုချင်း တိုးတက်ဖွံ့ဖြိုးမှုရရှိစေရန်နှင့် မြို့ပြ၊ ကျေးလက်၊ ပြည်နယ်၊ ပြည်မမကွာဟစေဘဲ အဆင့်မြင့်ပညာများ သင်ယူခွင့်ရရှိစေရန်ဆိုသော ရည်မှန်းချက်များအရ တိုင်းနှင့်ပြည်နယ်အနှံ့တွင် တက္ကသိုလ်များ၊ ကောလိပ်များ ဖွင့်လှစ်သင်ကြားပေးခြင်းကြောင့် မိဘပြည်သူအားလုံးက ဝမ်းသာလျက်ရှိပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ ပညာရေးစနစ်တွင် စက်မှုကဏ္ဍသည် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါတယ်။ စက်မှုတက္ကသိုလ်ပညာရေးဟာ ကျောင်းသားကျောင်းသူများနှင့် မိဘများက တက္ကသိုလ်ဝင်တန်းပညာရေးကတည်းက အင်နဲ့အားနဲ့ ရည်မှန်းချက်ကြီးစွာဖြင့် အဆိုပါပညာရေးကို အားထားခဲ့ကြပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှု

တက္ကသိုလ်အတွက် ပေါင်းကူးပေးသော နည်းပညာတက္ကသိုလ်တွင် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများသည် ပထမနှစ်အောင်မြင်ခြင်း၊ ဒုတိယနှစ်အောင်မြင်ခြင်းတွင် B-Tech မမီသောကြောင့် A.G.T.I ဘွဲ့ဖြင့် ကျောင်းထွက်သွားကြရပါတယ်။ အချို့မှာ ရိုးရိုးတက္ကသိုလ်ဘွဲ့ရယူ၍ ကျောင်းပြင်ပသို့ ရောက်ရှိသွားကြပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျာ။ ကျောင်းသူကျောင်းသားများနှင့် မိဘများက စက်မှုတက္ကသိုလ် B.E ဘွဲ့ကို မျှော်လင့်ချက်ကြီးစွာဖြင့် ရည်မှန်းချက်ထားခဲ့သော်လည်း B-Tech မမီလို့ ကျောင်းပြင်ပသို့ ရောက်သွားခဲ့ခြင်းဖြင့် မိဘများနှင့် ကျောင်းသူကျောင်းသားများမှ စိတ်မချမ်းမြေ့ ဖွယ်ရာခံစားရပါတယ်။ သို့ဖြစ်ပါ၍ စိတ်လေလွင့်မှုဖြင့် ပြင်ပသို့ကျောင်းထွက်သွားကြသော ကျောင်းသားကျောင်းသူများ၏ အကျိုးအလို့ငှာ အောက်ပါကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။

မေးခွန်း(၁) နည်းပညာတက္ကသိုလ်တွင် ပညာသင်ကြားပြီး A.G.T.I ဘွဲ့ဖြင့် ကျောင်းထွက်သွားသော ကျောင်းသားကျောင်းသူများအား B.Eပညာ သင်ကြားခွင့်ရရှိရေးအတွက် မည်သို့ စီမံဆောင်ရွက်ထားပါသနည်း။ မေးခွန်း(၂) စက်မှုတက္ကသိုလ်ပညာသင်ကြားနိုင်ရန်အတွက် မည်သည့်အချိန်၊ မည်သည့်ကာလတွင် ဆောက်ရွက်ပေးရန် အစီအမံရှိပါသနည်း။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အခုအစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး ဖြစ်ပါတယ်။

ဒီပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီမေးထားတဲ့ နည်းပညာတက္ကသိုလ်တွင် ပညာသင်ကြားလျက်ရှိသော B.E ဘွဲ့ပညာမမီ၍ ကျောင်းထွက်သွားရသော A.G.T.I ဘွဲ့ရသည့် ကျောင်းသား ကျောင်းသူ

များအား မည်သို့စီစဉ်ဆောင်ရွက်ထားသည် B.E ဘွဲ့ပညာသင်ကြားနိုင်ရန်အတွက် မည်သည့်အချိန်တွင် ဆောင်ရွက်နိုင်မည်နှင့် ပတ်သက်တဲ့မေးခွန်းကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ထောင်ရာတွင် မရှိမဖြစ်လိုအပ်သည့် အင်ဂျင်နီယာများနှင့် နည်းပညာကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များနှင့် အစိုးရစက်မှုသိပ္ပံ၊ လက်မှုသိပ္ပံများ၌ အင်ဂျင်နီယာနှင့် ဗိသုကာအထူးပြုဘာသာရပ်များ သင်ကြားပို့ချလျက်ရှိပါတယ်။ ယခင် ၂၀၁၁-၂၀၁၂ ခု ပညာသင်နှစ်အထိ အင်ဂျင်နီယာနှင့် ဗိသုကာဘာသာရပ်များ လေ့လာသင်ယူရာ၌ A.G.T.I သင်တန်း ၂ နှစ် အောင်မြင်ပြီးဆုံးသည့်အချိန်တွင် A.G.T.I ဒီပလိုမာ လက်မှတ်ပေးအပ်ချီးမြှင့်လျက်ရှိပါတယ်။ A.G.T.I ဒုတိယနှစ်တွင် သတ်မှတ်အရည်အချင်းပြည့်မီပါက B.Tech ပထမနှစ်သို့ ဆက်လက်တက်ရောက်ခွင့်ပြုပြီး ၂ နှစ် အောင်မြင်ပြီးမြောက်ပါက B.Tech ဘွဲ့ပေးအပ်ချီးမြှင့်လျက်ရှိပါတယ်။ B.Tech ဒုတိယနှစ်သင်တန်းတွင် သတ်မှတ်အရည်အချင်းပြည့်မီ ပါက B.E တစ်နှစ်သင်တန်းသို့ တက်ရောက်ခွင့်ပြုပြီး အောင်မြင်ပြီးမြောက်ပါက B.E ဘွဲ့ပေးအပ် ချီးမြှင့်လျက်ရှိပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ထောင်ရာမှာ အင်ဂျင်နီယာပညာရှင်များသာမက နည်းပညာကျွမ်းကျင်သူ စက်မှုအတတ်ပညာရှင်များနှင့် စက်မှုကျွမ်းကျင်လုပ်သားများပါ လိုအပ်လျက်ရှိရာ A.G.T.I ဒီပလိုမာ လက်မှတ်ရသူများသည် စက်မှုကျွမ်းကျင်သူများအဖြစ်လည်းကောင်း၊ B.Tech ဘွဲ့ရရှိသူများသည် အလယ်အလတ်အဆင့်နည်းပညာကျွမ်းကျင်သူများအဖြစ်လည်းကောင်း၊ B.E ဘွဲ့ရရှိသူများသည် အင်ဂျင်နီယာပညာရှင်များအဖြစ်လည်းကောင်း သက်ဆိုင်ရာ လုပ်ငန်းခွင်များတွင်ဝင်ရောက်လုပ်ကိုင်တာဝန် ထမ်းဆောင်နိုင်ရန်အတွက် အဆင့်အလိုက် သင်ရိုးညွှန်တမ်းများ ရေးဆွဲပြဋ္ဌာန်းထားပါသည်။ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်မှာ နည်းပညာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများသို့ လျှောက်ထားရာတွင် A.G.T.I မှ B.Tech ၊ B.Tech မှ B.E သို့ သတ်မှတ်အရည်အချင်းပြည့်မီမှသာအဆင့်ဆင့် ပေါင်းကူးတက်ရောက် ခွင့်ပြုမည်ကို နှစ်စဉ်ပုံမှန်ဖော်ပြခဲ့ရာ တစ်ဆင့်မြင့် ပေါင်းကူးသင်တန်းများသို့ တက်ရောက်ခွင့်သည် အလိုအလျှောက်ရရှိမည် ဖြစ်မဟုတ်ဘဲ ကြိုးစားအားထုတ်ရန်အခွင့်အလမ်းပေးထားခြင်းဖြစ်ပြီး A.G.T.I ဒီပလိုမာလက်မှတ်သည် အသက်မွေးဝမ်းကျောင်း အတတ်ပညာဆိုင်ရာ ဒီပလိုမာလက်မှတ်ဖြစ်သည့် အားလျော်စွာ သတ်မှတ်အရည်အချင်းမကိုက်ညီသဖြင့်

ပေါင်းကူးတက်ရောက်ခွင့် မရရှိသူများအနေဖြင့် နည်းပညာကျွမ်းကျင်သူများအဖြစ် လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများရရှိပါတယ်။

ယခု ၂၀၁၂-၂၀၁၃ ခု ပညာသင်နှစ်မှစတင်ပြီး အင်ဂျင်နီယာပညာရေးစနစ်နှင့် စက်မှုပညာရေးစနစ်ကို သီးခြားစီ ပီပြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့ကို အဆင့်မြင့်နည်းပညာ တက္ကသိုလ်များအဖြစ် ဖွင့်လှစ်၍ အင်ဂျင်နီယာဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းကာလ ၆ နှစ်ပြီးမြောက် အောင်မြင်ပါက သက်ဆိုင်ရာအထူးပြုဘာသာရပ်အလိုက် အင်ဂျင်နီယာဘွဲ့ B.E ပေးအပ်ချီးမြှင့်သွားမှာဖြစ်ပါတယ်။ အဆင့်မြင့်နည်းပညာတက္ကသိုလ်များအဖြစ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး) တို့မှအပ အခြားနည်းပညာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများတွင် ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသူများကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ် A.G.T.I ပထမနှစ်သင်တန်းတက်ရောက်ခွင့်ပြုပြီး စာတွေ့ရော လက်တွေ့ပါ ကျွမ်းကျင်တတ်မြောက်သည့် နည်းပညာကျွမ်းကျင်သူ Technician များအဖြစ် လေ့ကျင့် မွေးထုတ်ပေးနိုင်ရန် စက်မှုပညာရေးသင်ရိုးညွှန်တမ်းများ ညှိနှိုင်းရေးဆွဲသင်ကြားပေးလျက် ရှိပါတယ်။

A.G.T.I ပထမနှစ်သင်တန်းတက်ရောက်ခွင့်ရရှိသည့် ကျောင်းသားကျောင်းသူများအား A.G.T.I သင်တန်းအောင်မြင်ပြီးဆုံးပါက A.G.T.I လက်မှတ်ရ နည်းပညာကျွမ်းကျင်သူ များအဖြစ် လေ့ကျင့်ပြုစုပျိုးထောင်မွေးထုတ်သွားမည်ဖြစ်ကြောင်း၊ စာတွေ့ရော လက်တွေ့ပါ ကျွမ်းကျင်တတ်မြောက်သည့် Technician များအဖြစ် အသက်မွေးဝမ်းကျောင်း ပြုနိုင်ရေးကို ရည်မှန်းချက်ထား လေ့လာသင်ယူကြရန် လိုအပ်ကြောင်း၊ တစ်ဆင့်မြင့် သင်တန်းများသို့ သတ်မှတ်သည့် အရည်အချင်းထိုက်တန်စွာ ပြည့်မှီမှသာ တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း၊ အဆင့်မြင့်နည်းပညာတက္ကသိုလ်များ ဖွင့်လှစ်ပြီး အင်ဂျင်နီယာပညာရေးစနစ်ကို သီးခြားအကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ရာ တစ်ဆင့်မြင့်သင်တန်းများသို့ တက်ရောက်ခွင့်မှာ ရပိုင်ခွင့်မဟုတ်ဘဲ ကြိုးစားရန် အခွင့်အလမ်းပေးထားခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ရန် လိုအပ်ကြောင်း၊ တစ်ဆင့်မြင့် သင်တန်းများသို့ တက်ရောက်ရန် သတ်မှတ်ထားသည့် ရမှတ်ရရှိပါက တက်ရောက်ခွင့်ပြုခြင်းဖြစ်ကြောင်း၊ တစ်ဆင့်မြင့်သင်တန်းများသို့ တက်ရောက်ရန်မှာ သတ်မှတ်အရည်အချင်း ပြည့်မီထူးချွန်ရန်

လိုအပ်ကြောင်းနှင့် ရည်မှန်းချက်ထားရှိပါက အောင်မြင်အောင်ကြိုးစားနိုင်မည် ဖြစ်ကြောင်းကို ကျောင်းသားကျောင်းသူများ သိမြင်နားလည်စေရန် သက်ဆိုင်ရာ ပါမောက္ခချုပ်/ ကျောင်းအုပ်ကြီးများ နှင့် ဌာနမှူးများမှ ရှင်းလင်းပြောကြားဆောင်ရွက်လျက် ရှိပါတယ်။ ယခင်က A.G.T.I မှ B.Tech ၊ B.Tech မှ B.E သို့ အဆင့်ဆင့်ပေါင်းကူး စနစ်ကျင့်သုံးသည့် စာသင်နှစ်များတွင် တစ်ဆင့်မြင့်သင်တန်း များသို့ ပေါင်းကူးတက်ရောက်ခွင့်ပြုရာတွင် လူဦးရေဖြင့် ကန့်သတ်သတ်မှတ်ခြင်းမဟုတ်ဘဲ တစ်ဆင့် မြင့်သင်တန်းသို့တက်ရောက်ရန် သတ်မှတ်ထားသည့် ရမှတ်ပြည့်မီသူများအားလုံးကို တက်ရောက်ခွင့် ပြုသည့် စနစ်ကျင့်သုံးခြင်း ဖြစ်ပါတယ်။ ပေါင်းကူးအရည်အချင်းမပြည့်မီသဖြင့် တစ်ဆင့်မြင့်သင်တန်း များသို့ တက်ရောက်ခွင့်မရရှိသူများအတွက် ပေါင်းကူးအရည်အချင်းစစ်စာမေးပွဲများကို လိုအပ်ချက်အရ အခါအားလျော်စွာ ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။ A.G.T.I အောင်မြင်ပြီး တစ်ဆင့်မြင့်သင်တန်းများသို့ ဆက်လက်တက်ရောက်ခွင့် မရရှိသူများသည် ဆက်လက်ပညာရေးကဏ္ဍတွင် အဆင့်မြင့်ပညာဆည်းပူး လိုပါက အဝေးသင်တက္ကသိုလ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် ဘာသာတွဲအလိုက် ခွင့်ပြု ထားသော အထူးပြုဘာသာရပ် သင်တန်းများတွင် တတိယနှစ်မှ စတင်တက်ရောက်နိုင်သည့် အခွင့်အလမ်း ရရှိပါတယ်။ ယခုအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ဈေးကွက် စီးပွားရေးစနစ်ကို ပိုမိုပီပြင်စွာ ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်လာကြရာ တိုးတက်ဖွံ့ဖြိုးလာသော စက်မှုလုပ်ငန်းများနှင့် နည်းပညာအခြေပြု ဝန်ဆောင်မှုလုပ်ငန်းများအတွက် အင်ဂျင်နီယာများသာမက နည်းပညာ ကျွမ်းကျင်သူများပါ ပိုမိုလိုအပ်လာမည်ဖြစ်ရာ A.G.T.I ဒီပလိုမာလက်မှတ်ရရှိသူများအတွက် နည်းပညာကျွမ်းကျင်သူများအဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်မည့် အလုပ်အကိုင်အခွင့်အလမ်း များ တိုးတက်ရရှိလာမှာဖြစ်ပါတယ်။

စက်မှုပညာရေးစနစ်နှင့် အင်ဂျင်နီယာပညာရေးစနစ်ကို စာသင်နှစ်အလိုက် တစ်ဆင့်ခြင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါပညာရေးစနစ်နှစ်ခု သီးခြားစီပီပြင်စွာ ဆောင်ရွက်နိုင်ချိန်တွင် တစ်ဆင့်မြင့်သင်တန်းတက်ရောက်ရန် သတ်မှတ်အရည်အချင်း ပြည့်မီသူ များကို ပုံမှန်အတိုင်း သက်ဆိုင်ရာသင်တန်းများသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး သတ်မှတ် အရည်အချင်းမပြည့်မီသူများကို အလုပ်အကိုင်အခွင့်အလမ်းနှင့် ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အပေါ်မူတည်ပြီး လိုအပ်မှသာ ပေါင်းကူးဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲများ ကျင်းပစစ်ဆေး သွားမည်ဖြစ်ပါကြောင်းနှင့် ဝင်ခွင့်စာမေးပွဲကျင်းပပြုလုပ်ရန်ရှိပါက သတင်းစာများတွင် ကြိုတင်

ထည့်သွင်း အသိပေးကြေညာသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ကျန်ရှိနေသေးသော လယ်သမားတာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ဆက်လက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဝင်း(ကန်ကြီးထောင့်မဲဆန္ဒနယ်)**။ ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းဖြစ်ပါတယ်။ မေးခွန်းမှာ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်အတွင်း ၁၂.၃၁ မိုင်ရှည်သော လယ်သမားတာအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ်သန်း ၈၂ သန်းဖြင့် ၃.၆ မိုင်ကို အဆင့်မြှင့်တင်ပေးလျက်ရှိပါတယ်။ သို့ပေမယ့် ထပ်မံဆောင်ရွက်ရမည့် ပမာဏမှာ ၈.၇ မိုင် ကျန်နေသေးပါသည်။ သို့ပါသောကြောင့် ကျန်ရှိနေသော လယ်သမားတာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါသည်။ လက်ရှိကျပ်သန်း ၈၂ သန်းဖြင့် ဆောင်ရွက်နေခြင်းသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ကတိကဝတ်ကို ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ကြောင်းကျိုးဖော်ပြချက်ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ လယ်သမားတာသည် ကျေးရွာအုပ်စုပေါင်း ၂၇ အုပ်စု၊ စိုက်ပျိုးဧက ၂၀၂၂၆ ဧက၊ စိုက်ပျိုးတောင်သူဦးရေ ၂၇၈၈ ဦးနှင့် ဆက်စပ်ဧက ၅၀၀၀၀ ကျော်တို့သည် နှစ်စဉ် ဒါးကမြစ်ရေကြီးချိန်တွင် စိုးရိမ်ရသော အခြေအနေနှင့် အမြဲကြုံတွေ့နေရပါသည်။ ယင်းလယ်သမားတာသည် ၁၉၈၀ ခုနှစ်တွင် လေးဆူရွှေးရေတံခါး ကျိုးပေါက်ခဲ့ပါသည်။ ၁၉၉၀ ခုနှစ်တွင်လည်း လေးဆူရွှေးရေတံခါးတာ ထပ်မံကျိုးပေါက်ခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်တွင် ရေကာတာပေါ်ရေကျော်ခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်တွင် လေးဆူရွှေးရေတံခါးတာ ထပ်မံကျိုးပေါက်ခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်တွင် သရက်ချောင်းရေတံခါးနှင့် လေးဆူရွှေးရေတံခါးရေတံခါးနှစ်ခုလုံး ကျိုးပေါက်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်တွင် ရေတံခါးများ ပြုပြင်ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ် ရေကြီးချိန်တွင် ကံ့ကော်တန်းလမ်း၊ ပိတောက်ပင်၊ လေးဆူရွှေးနှင့် ရွှေးကုန်း ရေကာတာများအပေါ် ရေကျော်ခဲ့ပါတယ်။ မြေသားများ ပြတ်ထွက်သွားပါတယ်။ မြေနစ်မြုပ်ဧက ၅၀၂၈၀ ဧကနှင့် ထိခိုက်ဧက ၂၉၈၁၅ ဧက၊ ပျက်စီးဧက ၂၀၄၇၀ ဧကတို့ ထိခိုက်ပျက်စီးခဲ့ပါတယ်။

၂၀၀၆ ခုနှစ်တွင် သရက်ချောင်းရေတံခါး ထပ်မံကျိုးပျက်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်တွင် သရက်ချောင်း ရေတံခါး လေးဆူရွှေးရေတံခါးနှစ်ခုစလုံး တံခါးဖွင့်ထွက်ခဲ့ပါတယ်။ သရက်ချောင်းရေတံခါးအား မြေဖို့ပြီး ပိတ်လိုက်ပါတယ်။ ၂၀၀၉ ခုနှစ်တွင် ရွှေးကုန်းကျေးရွာအနီးမှာ ရေကာတာမြေသား နိမ့်ကျခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် မနှစ်က ရေကြီးချိန်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ တပ်မတော်၊ ဌာနဆိုင်ရာများ၊ NGO များ၊ လူထုလူတန်းစားများက ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြပါတယ်။ ရေကာတာ မကျိုးပေါက်သော်လည်း တာပေါ်ရေလျှံခြင်းတို့ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော် အဆင့်ကပင် ဆောင်ရွက်ခဲ့ကြပါတယ်။ သို့ဖြစ်ပါ၍ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ် အတွင်းရှိ ၁၂.၃၁ မိုင်ရှည်သော လယ်သမားတာအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ကျပ်သန်း ၈၂ သန်းဖြင့် ၃.၆ မိုင်ကို အဆင့်မြှင့်တင်ပေးလျက်ရှိရာ ထပ်မံဆောင်ရွက်ရမည့်ပမာဏမှာ ၈.၇ မိုင် ကျန်နေသေးပါသည်။ သို့ပါသောကြောင့် ကျန်ရှိနေသေးသော လယ်သမားတာအဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးခင်ဇော်ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဝင်း၏ ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ကျန်ရှိသေးသော လယ်သမားတာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိဟူသော မေးမြန်းချက် နှင့် ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ကန်ကြီးထောင့်လယ်သမားတာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ကြိမ်ချောင်းရွာမှ ရွှေးကုန်းရွာအထိ အလျား ၁၂.၃၁ မိုင်ခန့်

ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၈၂ သန်းခွဲဝေ ရရှိထားပြီးဖြစ်၍ တာတမံအလျား ၃.၆ မိုင်ကို ဆောင်ရွက်ပြီးစီးမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန်ကြီးထောင့်လယ်သမားတာ၏ ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသော အလျား ၈.၇ မိုင်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နှစ်ဆက်လုပ်ငန်းအဖြစ် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။ အဆိုပါလယ်သမားတာ ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် ဖို့မြေရယူခြင်းတွင် ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေအချို့ ထိခိုက်မှုရှိမည် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီးတော့ ၎င်းကိစ္စကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**စမုံရေထိန်းတမံ၏ လက်ဝဲမြောင်းတစ်လျှောက် တပ်ဆင်ထားသော ရေထုတ်ပွှန်ရေတံခါးများနှင့် DY မြောင်း ပျက်စီးကျိုးပြတ်နေမှုနှင့်ပတ်သက်ပြီး ပြုပြင်ပေးရန် အစီအစဉ်ရှိမရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ သာစည်မြို့နယ် စမုံရေထိန်းတမံရဲ့ လက်ဝဲမြောင်းတစ်လျှောက် တပ်ဆင်ထားတဲ့ ရေထုတ်ပွှန် တံခါးများနှင့် DY မြောင်း ပျက်စီးကျိုးပြတ်နေတာနှင့်ပတ်သက်ပြီး ပြုပြင်ပေးရန် အစီအစဉ် ရှိ၊မရှိ မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စမုံရေထိန်း တမံ ဟာသာစည်မြို့ရဲ့ အရှေ့မြောက်ဘက် ၁၀ မိုင် ကျော်အကွာမှာတည်ရှိပါတယ်။ စမုံချောင်းအတွင်း စီးဆင်းရေများသာမက သာစည်မြို့နယ်ရဲ့အရှေ့ဘက် တောင်တန်းစီမှ တောင်ကျရေများကိုပါ စုစည်း သိုလှောင်ရာရေထိန်းတမံဖြစ်ပါတယ်။ လက်ဝဲမြောင်း၊ လက်ယာမြောင်းများမှတစ်ဆင့် သာစည် မြို့နယ်အတွင်းရှိ ကျေးရွာတချို့နှင့်ဝမ်းတွင်းမြို့နယ်အတွက် စိုက်ပျိုးရေပေးဝေနိုင်ပါတယ်။ စမုံလက်ဝဲ မြောင်းတစ်လျှောက်မှာ တောင်သူများအား စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ရေထုတ်ပွှန် ၁၁ ခုရှိပါ တယ်။ အဆိုပါ ရေထုတ်ပွှန်များမှာ ရေတံခါးရွက်များတပ်ဆင်ထားကြောင်း သိရှိရပါတယ်။ ရေထုတ်ပွှန် ၁၁ ခုအနက် အမှတ်(၂)၊ (၃)၊ (၅)၊ (၆)၊ (၇)၊ (၈) စတဲ့ ရေထုတ်ပွှန်များဟာ ရေမြောင်း အတွင်း ရေမျက်နှာပြင်ရဲ့အထက်မှာ တည်ဆောက်ထားခြင်းကို တွေ့ရှိရပါတယ်။ ရေထုတ်ပွှန်ဟာ ရေမျက်နှာပြင်ရဲ့အထက်မှာ ရောက်နေတဲ့အတွက် ရေမထွက်နိုင်ဘဲ လယ်မြေများသို့ ရေပေးလို့ မရ

ကြောင်း အဆိုပါရေထုတ်ပြွန်အနီး ရေမျက်နှာပြင်မီတဲ့နေရာမှ နောက်ထပ်အကူပြွန်များတပ်ပြီး ရေယူရတယ်လို့သိရပါတယ်။ အကူပြွန်ပစ်တဲ့ စိုက်ပျိုးရေလိုတဲ့အချိန်မှာ လိုသလောက်ရေကို အချိန်မီမရနိုင်ဘဲ ကြန့်ကြာမှုရှိပါတယ်။ အဆိုပါရေထုတ်ပြွန် ရေတံခါးများဟာ စတင်တည်ဆောက်တပ်ဆင်ချိန်ကတည်းက ယခုအချိန်အထိ ရေထုတ်လို့မရနိုင်တဲ့အတွက် မည်သည့်အတွက်ကြောင့် တပ်ဆင်ထားခြင်းကို နားမလည်နိုင်ကြောင်း ဒေသခံတောင်သူများက ပြောကြပါတယ်။ ဒါ့အပြင် လက်ဝဲမြောင်းပေါ်မှ DY လက်လွှဲမြောင်းမှာတော့ ရေထိန်းတံခါးရွက်တပ်ဆင်ထားခြင်းမရှိပါ။ ရေထိန်းတံခါးရွက်တပ်ဆင်ထားခြင်းမရှိတဲ့အတွက် မိုးရွာရေများ၊ တမံမှရေထုတ်လွှတ်လိုက်တဲ့ရေများ အဆမတန် လျှံကျစီးဆင်းမှုကြောင့် အဆိုပါ DY လက်လွှဲမြောင်းမှာ မကြာခဏ ကျိုးကျလေ့ရှိပြီး ထိုသို့ ကျိုးပြတ်တဲ့နေရာကို ဒေသခံတောင်သူများက ပြန်လည်ဆည်ဖို့ရပါတယ်။ သို့ဖြစ်ပါ၍ သာစည်မြို့နယ် စမုံရေထိန်းတမံရဲ့ လက်ဝဲမြောင်းတစ်လျှောက် တပ်ဆင်ထားသော ရေထုတ်ပြွန်ရေတံခါးများနှင့် DY မြောင်း ပျက်စီးကျိုးပြတ်နေမှုများအား စနစ်တကျ ပြုပြင်ပေးရန်အစီအစဉ်ရှိမရှိ သိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၏ သာစည်မြို့နယ်ရှိ စမုံရေထိန်းတံခါးနှင့် လက်ဝဲမြောင်းတစ်လျှောက်တပ်ဆင်ထားသော ရေထုတ်ပြွန်ရေထိန်းတံခါးများနှင့် DY မြောင်းပျက်စီးနေမှုနှင့်ပတ်သက်ပြီးတော့ ပြုပြင်ပေးဖို့ အစီအစဉ်ရှိမရှိမေးတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်က ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ စမုံရေထိန်းတမံဟာ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် အတွင်း စမုံမြစ်နှင့် အင်တိုင်းသာချောင်းကိုပိတ်ပြီးတော့ စမုံမြစ်ပေါ်တွင် ၁၉၉၀ ပြည့်နှစ်က တည် ဆောက်ခဲ့ပါတယ်။ စမုံရေထိန်းတမံဟာ လက်ယာမြောင်းမတော်နဲ့ လက်ဝဲမြောင်းမတော်ဟူ၍ ၂ ခုရှိ ပြီး လက်ဝဲမြောင်းမတော်အရှည် ၁၈ မိုင်နှင့် လက်ယာမြောင်းမတော်အရှည် ၆.၅ မိုင်ရှိပါတယ်။ ရေပေးမြောင်းမကြီး ၂ ခုဖြင့် သာစည်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်အတွင်းရှိ ရေသောက်ဧရိယာ

၁၀၇၉၆ ဧကကို ရေပေးဝေရန် တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ သာစည်မြို့နယ်မှ ၃၄၈၈ ဧက၊ ဝမ်းတွင်းမြို့နယ်မှ ၇၃၀၈ ဧက ဖြစ်ပါတယ်။

စမုံရေထိန်းတမံ၏ လက်ဝဲမြောင်းမကြီးတွင် မိုင်နာလက်ခွဲမြောင်း ၃၄ ခုရှိပြီး သာစည်မြို့နယ် အတွင်းတွင် မိုင်နာလက်ခွဲမြောင်း ၁၀ ခုနှင့် DY လက်ခွဲမြောင်းတစ်ခုရှိပါတယ်။ စမုံရေထိန်းတမံ၏ ရေသောက်စနစ်ရှိ တူးမြောင်းများဟာ သဲဆန်သောဧရိယာအတွင်း ဖြတ်သန်းဖောက်လုပ်ထားသော မြေသားမြောင်းများဖြစ်ပါတယ်။ တူးမြောင်းအလျား ရှည်လျားပြီး သဲဆန်သောဧရိယာအား ရေပေးဝေ ရခြင်းဖြစ်သဖြင့် ရေလှည့်စနစ်ဖြင့် စည်းကမ်းတကျစိုက်ပျိုးရေရယူရန် စီမံတည်ဆောက်ထားသော ကြောင့် စည်းကမ်းတကျရေရယူရန် လိုအပ်မည်ဖြစ်ပါတယ်။ သာစည်မြို့နယ် ရေသောက်ဧရိယာ များသည် မြောင်းအရင်းပိုင်းတွင်ရှိ၍ စည်းကမ်းရှိရှိ စနစ်တကျ ရေယူမည်ဆိုပါက ရေရရန် အခွင့်အရေး ရာနှုန်းပြည့်ရရှိနိုင်သော ဧရိယာဖြစ်ပါတယ်။ သာစည်မြို့နယ်အတွင်းရှိ ရေသောက် ဧရိယာ ၃၄၈၈ ဧကအနက် လက်ယာမြောင်းမကြီးမှ ၁၈၅၂ ဧက၊ လက်ဝဲမြောင်းမကြီးမှ ၁၆၃၆ ဧက ရှိပါတယ်။ လက်ဝဲမြောင်းမကြီး၏ သာစည်မြို့နယ်အတွင်း ရေသောက်ဧရိယာ ၁၆၃၆ ဧကတွင် လယ်မြေ ၉၅၀ ဧကနှင့် ယာမြေ ၆၈၆ ဧက ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမှမေးမြန်းထားတဲ့ ရေထုတ်ပွင့်အမှတ် (၂)၊ (၃)၊ (၅)၊ (၆)၊ (၇)၊ (၈) ရေထုတ်ပွင့်များအား ရေပေးဝေသည့်စနစ်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

တူးမြောင်းမကြီး ရေထုတ်ပွင့်များမှ လယ်မြေများသို့ မြင့်ရာမှနိမ့်ရာသို့ ရေစီးဆင်းသော စနစ် (Gravity Flow System) ဖြင့် ရေပေးဝေရာတွင် တူးမြောင်းအထက်ပိုင်းရှိ ရေထုတ်ပွင့်ပေါက် များသည် မြောင်းကြမ်းပြင်မှ ပိုမိုမြင့်တင်၍ တည်ဆောက်ထားပြီး မြောင်းအဆုံးပိုင်းသို့ ရေထုတ်ပွင့် များကို တဖြည်းဖြည်းနိမ့်ချ၍ တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ သို့မှသာ မြောင်းအရင်းမှ မြောင်း အဖျားထိ စိုက်ပျိုးဧရိယာများအား မျှတစွာ ရေပေးဝေနိုင်မည်ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် တူးမြောင်းမကြီးအတွင်းရှိ ရေထုထည်စီးနှုန်း၊ ရေအနက်တို့ကိုမူတည်၍ မြောင်းခွဲ၊ လက်တံခွဲမြောင်း များ၏ ရေသောက်ဧရိယာအလိုက် ထုတ်ယူသုံးစွဲမည့် ရေပမာဏကို တွက်ချက်၍ လက်တံခွဲမြောင်း၊ လက်တန်မြောင်းများတို့၏ ရေထုတ်ပေါက်အမြင့်နှင့် အကျယ်တို့ကို ဒီဇိုင်းတွက်ချက်၍ တည်ဆောက် ထားခြင်းဖြစ်ပါတယ်။ စမုံလက်ဝဲမြောင်းမကြီးတွင် သာစည်မြို့နယ်အတွင်း မိုင်နာမြောင်း ၁၀ ခုအနက် မိုင်နာမြောင်း (၁) ခုမှ မိုင်နာမြောင်း (၃) အထိ မြောင်းမကြီး၏ ပေတိုင် ၁၂၆၀၀ တွင် တည်ဆောက် ထားသော ရေထိန်းရေမြင့် အဆောက်အဦမှ ရေမြင့်တင်ပြီး ရေထုတ်ပွင့်များမှ ရေပေးဝေရပါတယ်။

မိုင်နာမြောင်းအမှတ်(၄)၊ (၅)၊ (၆)၊ (၇)၊ (၈) အတွက် မြောင်းမကြီး၏ ပေတိုင် ၂၁၅၀၀ တွင် တည်ဆောက်ထားသော ရေမြှင့်အဆောက်အဦမှ ရေမြှင့်တင်ပြီး ရေပေးဝေရပါတယ်။ ထိုကဲ့သို့ ရေထိန်းရေမြှင့် အဆောက်အဦများ အလှည့်ကျရေမြှင့်တင်၍ ရေပေးဝေရာတွင် ရေလှည့်အောက်ပိုင်းမှ တောင်သူများသည် ရေအလှည့်ကျချိန်မစောင့်နိုင်ဘဲ ညအချိန်တွင် ရေမြှင့်အဆောက်အဦ ရေတားတုံး များကိုဖွင့်၍ ရေယူခြင်း၊ ရေလှည့်ကျသော အထက်ပိုင်းရှိ တောင်သူများအချင်းချင်းသည် စနစ်တကျ ရေယူရမည့်အစား သူ့ထက်ငါဦးအောင် သတ်မှတ်ရေထုတ်ပြွန်မှ ရေအလာကို မစောင့်ဘဲ ခိုးပြွန်များ တပ်ဆင်၍ စည်းကမ်းမဲ့ရေယူခြင်း၊ မြောင်းမကြီးအတွင်း စည်းကမ်းမဲ့ပင်းတားများပြုလုပ်၍ အချိန်ပြည့်ရေယူခြင်း စသည်တို့ကြောင့် ရေပိုသူက ပို၍ ရေလိုသူက လိုနေရကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

ဌာနတာဝန်ရှိသူများက မြောင်းတစ်လျှောက်စစ်ဆေးကြီးကြပ်ပြီး မလိုအပ်သည်များကို ဖယ်ရှား ရှင်းလင်း၍ စည်းကမ်းတကျ ဆောင်ရွက်ခဲ့ကြသော်လည်း တာဝန်ရှိသူများ မျက်ကွယ်ပြုသွားသည်နှင့်တစ်ပြိုင်တည်း စည်းကမ်းချိုးဖောက်မှုများကို ပြန်လည်လုပ်မြဲဖြစ်ကြောင်း တွေ့ရှိရပါတယ်။ တူးမြောင်းဥပဒေများဖြင့် အရေးယူမည်ဆိုပါကလည်း မပြည့်စုံသူများဖြစ်၍ ၎င်းတို့၏ စားဝတ်နေရေး၊ မိသားစုအရေးတို့ကိုငဲ့ကွက်သောအားဖြင့် ဖျောင်းဖျစည်းရုံးခြင်းဖြင့်သာ ဆောင်ရွက်ခဲ့ပါတယ်။ လေ့လာတွေ့ရှိချက်အရ လက်ဝဲမြောင်း ၁၆၃၆ ဧကပေါ်တွင် လယ် ၉၅၀ ဧကအနက် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ၈၃၅ ဧက၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ယခုမိုးစပါးရာသီက ၉၀၅ ဧကကို ရေပေးဝေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးသိလိုသော အဆိုပါ ရေထုတ်ပြွန်၊ ရေတံခါးများသည် စတင်တည်ဆောက်တပ်ဆင်ချိန်ကတည်းက ယခုအချိန်အထိ ရေထုတ်လို့မရနိုင်သည့် အတွက် မည်သည့်အတွက်တပ်ဆင်ထားခြင်းကို နားမလည်နိုင်ဖြစ်ရကြောင်း ဟူသော မေးမြန်းချက်ကို ဖြေကြားရမည်ဆိုပါက ရေတံခါးများကို စနစ်တကျ တွက်ချက်တပ်ဆင်ထားပါသည်။ သို့သော် ဒေသခံ တောင်သူများ သတ်မှတ်စည်းကမ်းကို လိုက်နာမှုအားနည်းခြင်းကြောင့် ဖြစ်ပါသည်ဟု နားလည်ရန် ရှင်းလင်းတင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးသိရှိလိုသော လက်ဝဲမြောင်းပေါ်ရှိ DY လက်ခွဲမြောင်း ကျိုးပြတ်ရခြင်းမှာ တမံထုတ်လွှတ်ရေများ အဆမတန် လျှံကျစီးဆင်း၍ မဟုတ်ပါ။ မိုးများ၍ တမံမှ ရေထုတ်လွှင့်သောအခါ တူးမြောင်းများအတွင်းသို့ ထုတ်လွှတ်ခြင်းမဟုတ်ပါ။ သဲထုတ်ရေတံခါး၊ ရေတံခါးတပ် ရေပိုလွှဲ၊ ပင်မရေပိုလွှဲတို့မှ ပိုလျှံရေများကို စမုံချောင်းအတွင်းသို့သာ ထုတ်လွှတ်ခြင်း

ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ DY လက်ခွဲမြောင်းကျိုးပေါက်ရခြင်းမှာ ရေဆိုးထုတ်မြောင်းများအား တောင်သူများမှ ပိတ်၍ ငါးဖမ်းခြင်း၊ လယ်ယာများတိုးချဲ့လုပ်ကိုင်ခြင်း၊ အမှိုက်များစွန့်ပစ်ခြင်းတို့ကြောင့် ကွင်းအတွင်း ရေလျှံ၍ လက်ခွဲမြောင်းပေါင်အား ရေကျော်၍ ကျိုးပေါက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျိုးပေါက်သွားသော မြောင်းများအား စက်ဖြင့်ပြုပြင်ပေးလိုသော်လည်း စိုက်ပျိုးချိန်ဖြစ်၍ စက်များဝင်ရောက်ရန် အခက်အခဲရှိကြောင်း အချိန်မီရေပြန်လည်ပေးဝေနိုင်ရန် သက်ဆိုင်ရာမြောင်း၏ ရေသောက်တောင်သူများနှင့် ဆည်မြောင်းဌာနဝန်ထမ်းများ ပူးပေါင်း၍ပြုပြင်ဆောက်ရွက်ကြရပါကြောင်း တင်ပြအပ်ပါတယ်။ DY လက်ခွဲမြောင်းတွင် မူလကတည်းက ရေထိန်းတံခါးတပ်ဆင်ထားပါတယ်။ အဆိုပါရေတံခါးကို လက်ရှိပြုပြင်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၂-၂၀၁၃ နှစ်ကုန်တွင် ပြီးစီးမည်ဖြစ်ပါတယ်။ စမုံရေထိန်းတမံနှင့် ဆည်ရေသောက်စနစ်မှာ တည်ဆောက်ခဲ့သည့် နှစ်ကာလကြာမြင့်ပြီးဖြစ်၍ တူးမြောင်းများအတွင်း သဲနုန်းပို့ချခြင်း၊ တူးမြောင်းပေါင်များ ဒီဇိုင်းပုံစံကျမရှိတော့ခြင်း၊ တူးမြောင်းအဆောက်အဦများ ယိုယွင်းပျက်စီးခြင်းတို့ ဖြစ်လျက်ရှိပါတယ်။ သို့ဖြစ်၍ စမုံရေထိန်းတမံ၏ ဆည်ရေသောက်စနစ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါတယ်။ ပြုပြင်မှုလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကုန်တွင် ပြီးစီးရန်စီမံလျက်ရှိပါကြောင်းလည်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ထိုသို့ ပြုပြင်မှု ပြီးစီးတိုင်အောင် အဆိုပါ စမုံရေထိန်းတမံမှ ရေပေးဝေမှုနှင့်ပတ်သက်၍ တောင်သူလယ်သမားများမှ စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ကြပါမှသာလျှင် လိုအပ်သောရည်မှန်းချက် ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကုလားမျှောစိုက်ကွင်းစီမံကိန်းဧက ၁၄၀၀ ကျော်ရှိ စိုက်ဧကများအတွင်းသို့ သစ်ဆုံလက်ခွဲမြောင်းအမှတ်(၁)မှ ကမ္ဘသဲကန်အထိ ရေစီးရေလာကောင်းအောင် ပြုပြင်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း။**

**ဥက္ကဋ္ဌ**။ ။ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရမည်းသင်းမြို့နယ် ကုလားမျှော ကျေးရွာအုပ်စု

အတွင်းမှာရှိတဲ့ ကျေးရွာများရှိ တောင်သူလယ်သမားများကိုယ်စား ကုလားမျော့ကွင်းစီမံကိန်းစိုက်ဧက ၁၂၀၀ ကျော်ရှိ စိုက်ဧကများအတွင်းသို့ သစ်ဆုံ လက်ခွဲမြောင်းအမှတ် (၁) မှ ကမ္ဘသဲကန်ကွင်းအထိ ရေစီးရေလာကောင်းအောင် ပြုပြင်ပေးနိုင်၊ မပေးနိုင်နှင့် စိုက်ဧကများအတွင်းသို့ သဲနုန်းထုတ်မှု ကာကွယ်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုကြောင်းမေးမြန်းအပ်ပါတယ်။ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရမည်းသင်းမြို့နယ်ဟာ နေပြည်တော်ရဲ့အရိပ်အောက်မှာ ရှိနေပေမယ့်လည်း နေပြည်တော်ကဲ့သို့မိုးရေချိန်မများဘဲ သိသိသာသာ ကျွန်တော်တို့မြို့နယ် အတွင်း ရောက်ရင် မိုးရေချိန်နည်းပြီး တစ်နှစ်ပျမ်းမျှမိုးရေချိန်ဟာ ၂၀ လက်မမှ ၃၀ လက်မကြားသာရှိပြီး ယခုနှစ်မှာဆိုရင် မိုးရေချိန်ဟာ ၂၁.၇၁လက်မသာရှိပါတယ်။ မိုးရေကိုအင်မတန် အားထားရတဲ့ မြို့နယ်ဖြစ်ပါတယ်။ စိုက်ပျိုးထားသမျှလယ်မြေများ အောင်မြင်စေရန်ရေစီး ရေလာကောင်းအောင် မြောင်းများ၊ ဆည်များ၊ ကန်များအတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်ကြပါတယ်။ သို့ရာတွင် သစ်ဆုံ ဆည်လက်ခွဲမြောင်း အမှတ်(၁)မှ ကမ္ဘသဲကန်ကွင်းမြောင်းအရှည် ၁၂၀၀၀ ကျော်ဟာ ထိန်းသိမ်းရန် လူထုအင်အားနှင့် မနိုင်မနင်းဖြစ်နေပါတယ်။ ကုလားမျော့ အုပ်စုတွင်းရှိ ကျေးရွာများမှ တောင်သူ လယ်သမားများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်တဲ့ စိုက်ဧက ၁၄၀၀ တွင်စိုက်ပျိုးထားပေမယ့်လည်း ယခုနှစ် မိုးကခါတိုင်းထက်ပိုမိုနည်းပါးပြီး စိုက်ဧကများအတွင်းသို့ဝင်ရောက်တဲ့ သစ်ဆုံလက်ခွဲမြောင်း အမှတ်(၁) မှသဲကန်အထိ ကျွန်တော်တို့မြောင်း ဟာတိမ်ကောနေတဲ့အတွက် ရေသွင်းရန်ခက်ခဲကြောင်း ယခုနှစ် စိုက်ပျိုးထားသမျှ အကျိုးမဖြစ်ထွန်းဘဲ ဝမ်းစာစပါးမရရှိကြပါခင်ဗျား။ သစ်ဆုံလက်ခွဲမြောင်း အမှတ်(၁)မှ ကမ္ဘသဲကန်ကွင်းထိ ပေ ၁၂၀၀၀ ကျော်မြောင်းဟာ တိမ်ကောနေတဲ့အတွက် လယ်မြေ များသို့ တစတစသဲနုန်းထိုးလာတဲ့အတွက် နှစ်ကြာလာတာနဲ့အမျှ စိုက်ဧကအားလုံးလက်လွှတ် ဆုံးရှုံးရမယ့် အန္တရာယ်လည်း ကြုံတွေ့နေရပါတယ်ခင်ဗျား။ သို့ပါ၍ ရမည်းသင်းမြို့နယ် ကုလားမျော့ ကျေးရွာအုပ်စု စပါးစိုက်ဧကအတွက် သစ်ဆုံလက်ခွဲမြောင်းအမှတ်(၁) မှ ကမ္ဘသဲကန် အထိမြောင်း များပြန်လည်ပြုပြင်ပေးနိုင်၊ မပေးနိုင်နှင့် လယ်မြေများ သဲနုန်းထိုး မှုကာကွယ်ရန် ပညာရှင်များနှင့် လေ့လာစိစစ်ပြီး ထိန်းသိမ်းအကူအညီပေးနိုင်၊ မပေးနိုင် သိရှိလိုပါကြောင်း ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၏ ရမည်းသင်းမြို့နယ်၊ ကုလားမျှောစိုက်ကွင်း စီမံကိန်းဧက ၁၄၀၀ ကျော်ရှိ စိုက်ဧကများအတွင်းသို့ သစ်ဆုံလက်ခွဲမြောင်းအမှတ် (၁) မှကမ္ဗသဲကန်အထိ ရေစီးရေလာကောင်းအောင်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ ဆိုသောမေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ သစ်ဆုံရေလှောင်တမံ ဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အဦများကို ၁၉၆၀-၁၉၆၁ ခုနှစ်တွင် တည်ဆောက်ခဲ့ပါတယ်။ အလျား ၁၂၀၀၀ ပေရှိ ကုလားမျှောမြောင်း၏ရေသောက်ဧရိယာ ၄၇၇ ဧကဖြစ်ပါတယ်။ မူလစပါးစိုက်ပျိုးရန်သာ ရည်ရွယ်တည်ဆောက်ပေးခဲ့သော်လည်း နောက်ပိုင်းတွင် မိုးစပါး စိုက်ပျိုးခြင်းထက် စီးပွားဖြစ်တွက်ခြေကိုက်သော စပျစ်ခြံများကိုတိုးချဲ့စိုက်ပျိုးလျက်ရှိ နေပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းချက်တွင်ပါဝင်သောစိုက်ဧက ၁၄၀၀ ကျော်မှာ ကုလားမျှောမြောင်းရေသောက်နှင့်ဆက်စပ်လျက်ရှိသော ဆည်ရေသောက်ပြင်ပရှိ ကမ္ဗသဲကန်တွင်းမှ မိုးကောင်းသောက် ယာမြေများဖြစ်ပါတယ်။ အဆိုပါ မိုးကောင်းသောက် ယာမြေများသည် သဲဆန်သောမြေ အမျိုးအစားများဖြစ်ပြီး ကုန်းမြင့်ပိုင်းဖြစ်၍ စိုက်ပျိုးရေကို မြင့်၊ နိမ့် ရေပေးစနစ် (Gravity Flow) စနစ်ဖြင့် ပေးဝေနိုင်ခြင်းမရှိသဖြင့် ဆောင်ရွက်ပေးရန် မရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[**အစည်းအဝေးကို ၁ နာရီခန့်ရပ်နားပါသည်။**]**

**အချိန်၊ ၁၂း၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်က မြန်မာနိုင်ငံရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်နှုန်းထားများကို အသစ်ပြောင်းလဲပြင်ဆင်ပြဋ္ဌာန်းသတ်မှတ်သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၁၂)နှင့် (၁၂၃/၂၀၁၂) အပါအဝင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂) နှင့် (၅) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေများကို အခြေခံ၍ လက်ရှိပြင်ဆင်သတ်မှတ်ထားသော ရုံးခွန်၊ တံဆိပ်ခေါင်းခွန် နှုန်းထားများနှင့် ပတ်သက်၍ ပြန်လည်စဉ်းစားသုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ ရုံးခွန်၊ တံဆိပ်ခေါင်းနှင့်ပတ်သက်ပြီးတော့ အဆိုတစ်ရပ်တင်ဖို့ ဦးသိန်းညွန့်က တင်ပြထားတာရှိပါ တယ်။ ဒါကြောင့် အဆိုတင်သွင်းဖို့ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံရုံးခွန်နှင့် တံဆိပ်ခေါင်းခွန် နှုန်းထားများကို အသစ်ပြောင်းလဲပြင်ဆင်ပြဋ္ဌာန်းသတ်မှတ်ထားသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၏ အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၁၂)၊ ရုံးခွန်အမိန့်ကြော်ငြာစာအမှတ်(၁၂၃/၂၀၁၂) အပါအဝင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၃) နှင့် (၅) ရုံးခွန်၊ တံဆိပ်ခေါင်းခွန်ဥပဒေကို ပြင်သည့်ဥပဒေ များကို အခြေခံ၍ လက်ရှိပြင်ဆင်သတ်မှတ်ထားသော ရုံးခွန်၊ တံဆိပ်ခေါင်းခွန်နှုန်းထားများနှင့် ပတ်သက်၍ ပြန်လည်စဉ်းစားသုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုကို ကျွန်တော်တင်သွင်းရပါတယ်။ တင်သွင်းတဲ့အခါမှာ ဦးစွာ ကျွန်တော်ဒီမှာ အမှားပြင်ဆင်ချက် တစ်ချက်ကတော့ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် မြန်မာနိုင်ငံတံဆိပ်ခေါင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂/၂၀၁၁) ဖြစ်ပါတယ်။

စာကျတဲ့အမှားဖြစ်ပါတယ်။ ရုံးခွန်ဥပဒေကို ပြင်တဲ့ဥပဒေကတော့ ၂၀၁၁ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၅) ဖြစ်ပါတယ်။ ဒီအမှားလေးကို ပြင်ဆင်ခွင့်ပေးပါလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလို ပါတယ်။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီပြင်ဆင်မှုအဆိုကို တင်ရတဲ့ အကြောင်းအရင်းကတော့ ဤတံဆိပ်ခေါင်းခွန်အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၁၂)နှင့် ရုံးခွန် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၁၂) တို့အား ၁၅-၃-၂၀၁၂ မှာ ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာ ဖြစ်ပါတယ်။ ဒီအမိန့်ကြော်ငြာစာများနှင့်ပတ်သက်ပြီး စတုတ္ထပုံမှန်အစည်းအဝေးမှာ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်က ချေးငွေပေါ်စာချုပ်ချုပ်ရာတွင် တံဆိပ်ခေါင်းခွန်ဖိုးငွေပေးနေရခြင်းအား မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ကင်းလွတ်ခွင့်ပြုနိုင်၊ မပြုနိုင်မေးခွန်းမေးခဲ့ပါတယ်။ အဲ့ဒီလိုပဲ စတုတ္ထ အကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်က လည်း ပြည်တွင်းအခွန်ဦးစီးဌာန၏ အခွန်တံဆိပ်ခေါင်းများအား အချိန်မရွေးအဆင်ပြေ လွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးပါရန်ဆိုတဲ့ မေးခွန်းများပဲ မေးခဲ့တာကြောင့် ဒီအဆိုကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့က ပြည်သူ့လွှတ်တော်ကို ပေးပို့ပြီးတော့ အဆိုတင်သွင်းရခြင်း ဖြစ်ပါ တယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးဆုံးကျွန်တော် ရှင်းလင်းတင်ပြချင်တဲ့အချက်ကတော့ အခုကျွန်တော် ဒီအဆိုကိုတင်ခြင်းဟာ ကျွန်တော်နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှု အဆင့်တစ် တစ်ခုမှာ ပြည်ထောင်စုအစိုးရနှင့် ပြည်သူ့လွှတ်တော်တို့ရဲ့ ပူးပေါင်းမှုကို ဖော်ပြချင်တဲ့ရည်ရွယ်ချက် နှင့် တင်သွင်းခြင်းဖြစ်ပါတယ်။ ဒီတံဆိပ်ခွန်၊ ရုံးခွန်တွေ ပြောင်းလဲပြီး သတ်မှတ်တဲ့အခါမှာ ပြည်သူလူထု အတွင်းမှာ ဖြစ်ပျက်နေတဲ့ အခြေအနေကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရကို အခြေအနေမှန် သိဖို့အတွက် တင်ပြရခြင်း ဖြစ်ပါတယ်။ ဒီရုံးခွန်၊ တံဆိပ်ခေါင်းခွန်ကို ဥပဒေအရကြောင့် သာမန် ဆင်းရဲသားတွေဆိုလျှင် ဘယ်လောက်အထိထိခိုက်လဲဆိုရင် အခုဆင်းရဲတဲ့လူတွေဟာ လင်မယား ကွာချင်တယ်ဆိုရင်တောင် ကွာလို့မရတဲ့အထိ ရုံးခွန်တွေက ဖိစီးသလိုဖြစ်နေပါတယ်။ ဒီလိုပဲ မိမိတို့ရဲ့ နစ်နာကြေး၊ အလုပ်ထုတ်ပစ်ခံရလို့၊ ယာဉ်တိုက်ခံရလို့ နစ်နာကြေးတောင်းတော့မယ်ဆိုရင်လည်း အခုသတ်မှတ်ထားတဲ့ ရုံးခွန်တော်များအရဆိုရင် ဆင်းရဲတဲ့လူတွေဟာ ဘယ်လိုမှ တရားစွဲဆိုပိုင်ခွင့် တွေကို မရတော့ပါဘူး။ ဒီအတိုင်းပဲ ဆင်းရဲတဲ့လူတွေက အမွေအမှုတွေ ဆွဲမယ်ဆိုရင်လည်း ဘယ်လိုမှ

အမှုဆွဲဆို နိုင်လောက်တဲ့အထိ ငွေကြေးမတတ်နိုင်ဘဲနှင့် တရားဥပဒေကပေးထားတဲ့အခွင့်အရေးကို လက်လွတ် နေရတဲ့ အခြေအနေရောက်နေပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် သာဓကလေး ၃၊ ၄ ခုလောက်တင်ပြပါရစေ။ အရင်တုန်းက ရုံးခွန်တော်ဟာ ရုံးကို တင်သွင်းရတဲ့လျှောက်လွှာမှာ ၅ ကျပ်ပဲ ကပ်ရပါတယ်။ အခုပြင်ဆင်တဲ့ နှုန်းထားအရ ၂၀၀ ကျပ်ကနေ ၁၅၀၀ ကျပ် ဖြစ်သွားပါတယ်။ အထူးသဖြင့် တရားရုံး၊ တရားမရုံးတွေမှာ တင်သွင်းခဲ့တဲ့ ပြင်ဆင်မှု၊ စောဒကမှု၊ ပြန်လည်သုံးသပ်ပေးစေလိုမှု အမှု အမျိုးအစားတွေဆိုရင် အရင်က သတ်မှတ်ရုံးခွန် ၅ ကျပ်ဖြစ်ပါတယ်။ ယခု ၅ ကျပ် မဟုတ်ဘဲနှင့် မူလ တရားမမှုမှာ ထမ်းဆောင်ခဲ့တဲ့ ရုံးခွန်ရဲ့ထက်ဝက်ပမဏာကို ပြင်ဆင်သတ်မှတ်ထားပါတယ်။ အဲ့ဒီတော့ မူလ ရုံးခွန် ၁၀ သိန်းထမ်းခဲ့တယ်ဆိုရင် မူလအမှုမှာ ပြင်ဆင်မှုတို့၊ စောဒကမှုတို့၊ ပြန်လည်သုံးသပ်မှုတို့ တင်တဲ့အခါမှာ ရုံးခွန် ၅ သိန်းကျခံရတော့မှာ ဖြစ်ပါတယ်။ အဲ့ဒီလိုပဲ အရင်တုန်းက ပုံသေရုံးခွန် ထမ်းဆောင်ရတဲ့ အမှုတွေ၊ သီးခြားတာဝန်ဥပဒေအရ ပေးထားတဲ့ ပိုင်ဆိုင်ခွင့် အရင်တုန်းက ကျပ် ၃၀ ဖြစ်ပါတယ်။ အခုရုံးခွန်က ကျပ် ၁ သိန်းဖြစ်သွားပါတယ်။ အဲ့ဒီအပြင် အမှုသည်တစ်ယောက်က မူလ အဆိုလွှာမှာ ရုံးခွန် ၁၅ သိန်း ထမ်းဆောင်ရမယ်။ အမှုမပြီးမီမှာ ကြားဖြတ်ပေါ်ပေါက်တဲ့ အမိန့်တွေ အပေါ်မှာ ပြင်ဆင်မှုတို့ သက်ရောက်တော့မယ်ဆိုရင် ထက်ဝက်ရုံးခွန် ၇၅၀၀၀၀ ပေးရတယ်။ နောက်ထပ် ရုံးခွန်တစ်ခါ အယူခံအမှု တက်မယ်ဆိုရင် ၁၅ သိန်းပေးရပါတယ်။ အဲ့ဒီတော့ အယူခံမှုဟာ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးအယူခံမှုဆိုပြီးတော့ ဥပဒေက ပေးထားတယ်။ အဲ့ဒီအတွက်ဆိုရင် သိန်း ၆၀ ကုန်ပါတယ်။ အဲ့ဒီတော့ တရားစွဲမယ့်လူတစ်ယောက်က အခုကုန်ဈေးနှုန်းနှင့်ဆိုရင် အနိမ့်ဆုံး ၇၅ သိန်း ရင်းရပါတယ်။ အဲ့ဒီတော့ ရှေ့နေခတို့၊ မိတ္တူကူးခတို့ အခြားစရိတ်အနေနဲ့ဆိုရင် ငွေကျပ် သိန်း ၁၀၀ မရှိရင် ဘယ်လိုမျှအမှုမစွဲဆိုနိုင်တော့ပါဘူး။ အဲ့ဒီတော့ ဆင်းရဲသားပြည်သူလူထုအတွက် အမွေ အခွင့်အရေးတွေ တောင်းမယ်ဆိုလို့ရှိရင် အခုရုံးခွန်အရဆိုရင် အလွယ်တကူ တရားစွဲလို့မရအောင် လက်တွေ့မှာ တားဆီးပိတ်ပင်ထားတဲ့သဘော ရောက်ပါတယ်။ အဲဒီရဲ့ အကျိုးဆက်က ဘာဖြစ်လာလဲ ဆိုရင် အမှုဝယ်တဲ့လူ၊ အမှုပွဲစားတွေ မွေးထုတ်ပေးသလို ဖြစ်သွားပါတယ်။ ဒီအမှုဒို့ဝယ်မယ် ပြီးရင် ဘယ်လောက်ယူဆိုတဲ့ အဖြစ်မျိုးဖြစ်လာရင် ကျွန်တော်တို့ တရားဥပဒေစိုးမိုးရေးအတွက် အင်မတန်မှ အကြီးတန်အရုပ်ဆိုးစေပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်ဆင်းရဲတဲ့လူတွေအတွက် သာမန်ရုံးမှာ အရင်တုန်းက ထမ်းရတဲ့ရုံးခွန် ဒါတွေက အရင်တုန်းကဆိုရင် မိတ္တူတစ်မျက်နှာကူးမယ်ဆိုရင် ၃ ကျပ်၊

အခု ၃၀၀။ လျှော့က်လွှာပြင်မယ်ဆိုရင် အရင်က ၅ ကျပ်၊ အခု ၅၀၀။ အဲ့ဒီအပြင် ရုံးခွန်တွေနှင့် ပတ်သက်တဲ့အခါမှာ ကိုယ်စားလှယ်လွှဲစာပြုလုပ်တဲ့အခါမှာလည်း အရင်တုန်းကနှင့်မတူဘဲနဲ့ ပုံသေ ရုံးခွန်မသတ်မှတ်ဘဲနှင့် ပစ္စည်းတန်ဖိုး ၅၀၀ နှုန်းနှင့်ညီမျှတဲ့ ငွေပမာဏကို ရုံးခွန်အဖြစ်သတ်မှတ်တယ်။ အဲ့ဒီတော့အိုမင်းမစွမ်းတဲ့ မိဘတစ်ဦးက မိမိရဲ့သားသမီးကို ကိုယ်တစ်စာပေးပြီးတော့ မရွှေ့မပြောင်း နိုင်တဲ့ပစ္စည်းကို ရောင်းမယ်ဆိုရင် အခုရုံးခွန်အရ ကိုယ်စားလှယ်လွှဲစာအတွက် ရုံးခွန် ၅၀၀ နှုန်း၊ ရောင်းချမှုအတွက် နောက်ထပ် ၅၀၀ နှုန်း ထမ်းဆောင်ရတဲ့အတွက် ပြည်သူလူထုအတွက်သာ အင်မတန်မှ ကြီးလေးတဲ့ဝန်ပိမှုတွေဖြစ်စေပါတယ်။ အဲ့ဒီအပြင် အနိမ့်ဆုံးနှုန်းထားအရ ပြောရမယ်ဆို ရင်တော့ ပြည်သူလူထုအနေနဲ့ ဘယ်လိုမှမတတ်နိုင်တဲ့ အခြေအနေမျိုးဖြစ်တဲ့အတွက် အခု ကျွန်တော် ရှေ့နေရှေ့ရပ်လောကကရော၊ ပြည်သူလူထုဆီက သိရတဲ့အချက် အခုဆိုရင် တရားမမှုတွေ ရုံးမှာ ဆွဲနိုင်တဲ့အရေအတွက် အင်မတန်ကို နည်းပါးသွားပါတယ်။ အဲ့ဒီတော့ အရင်တုန်းက ကတိစာချုပ် တစ်ခုချုပ်မယ်ဆိုရင် ၆ ကျပ်ပေးရတယ်။ အခု ၆၀၀ ပေးရတော့ အရင်တုန်းက ၁၀ တန် ရုံးခွန်ဟာ အခုဆိုရင် ၁၀၀၀ ဖြစ်သွားပါတယ်။ အဲ့ဒီတော့ ၁၉၉၀ ပြည့်နှစ်ကာလနှုန်းထားကို ၂၀၁၁ မှာ အဆ ၁၀၀ မှနေ အဆ ၄၀ အထိ ငွေကြေးတန်ဖိုးတိုးမြှင့်တဲ့အခြေအနေဖြစ်ပါတယ်။ တကယ်တော့ ဒီ ၁၀ နှစ်မှာ ပြည်သူလူထုရဲ့ လူနေမှုဝင်ငွေဟာ အဆ ၁၀၀ တိုးပါသလား။ ဒါအားလုံး သိတဲ့အတိုင်းပဲ။ မတိုးတဲ့အပြင် အခု သမ္မတကြီးကိုယ်တိုင်က ကျွန်တော်တို့ နိုင်ငံမှာ ဆင်းရဲမွဲတေတဲ့နှုန်း ၂၆ ရာခိုင်နှုန်း ရှိတယ်။ ဒေါ်လာ ၈၅၀ အောက် ရပ်တည်နေရတဲ့ ပြည်သူလူထု အများစုဖြစ်တယ်ဆိုတာ ပြောထားတဲ့ အတွက် အခုရုံးခွန်၊ တံဆိပ်ခွန်နှုန်းထားများဟာ သမ္မတကြီးသွားနေတဲ့ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး ကို အထောက်အကူမပြုဘူးလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိုးသားစွာ တင်ပြလိုပါတယ်။ အဲ့ဒီတော့ အချက် အလက်ပိုင်းကတော့ ကျွန်တော် ဒီလောက်ပဲပြောပါမယ်။

ဥပဒေအချက်တစ်ချက်လောက် ထောက်ပြ ချင်ပါတယ်။ ဘာလဲဆိုတော့ ဒီနေ့အချိန်အထိ နဝတဥက္ကဋ္ဌပြဋ္ဌာန်းခဲ့တဲ့ ရုံးခွန်အက်ဥပဒေပြင်ဆင်သည့်ဥပဒေ နဝတဥပဒေအမှတ် (၆/၉၀)၊ နောက်မြန်မာနိုင်ငံတံဆိပ်ခေါင်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေနဝတဥပဒေအမှတ် (၇/၉၀) ရှိပါတယ်။ ဒီဥပဒေ နှစ်ရပ်ကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂)နှင့် (၅) တို့ကနေ ဒီဥပဒေကို ပြန်လည်ရုပ်သိမ်းထားခြင်း မရှိသေးပါ။ အဲဒီတော့ ဒီမှာ ထောက်ပြ ချင်တဲ့အချက်ကတော့ နဝတဥက္ကဋ္ဌသည် သူ့ခေတ်သူ့ကာလက ဥပဒေပြုရေးအာဏာ၊ စီမံခန့်ခွဲရေး အာဏာ၊ တရားစီရင်ရေးအာဏာများကို (၁/၉၀) အရ ကိုင်တွယ်ကျင့်သုံးနိုင်ပါတယ်။ တရားရုံးများကို

လွှဲထားပေမယ့် တရားရေးအာဏာလည်း နဝတဥက္ကဋ္ဌမှာ ရှိပါတယ်။ စီမံခန့်ခွဲရေးအာဏာအတွက် အဆင့်ဆင့် ကျေးရွာတွေအထိခွဲဝေပြီးတော့ စုပေါင်းခေါင်းဆောင်ဖို့ လုပ်ပေမယ့် စီမံခန့်ခွဲရေးအာဏာကလည်း နဝတဥက္ကဋ္ဌက လုံးဝကျင့်သုံးတဲ့ ကျင့်သုံးပိုင်ခွင့်ရှိတဲ့ အာဏာဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့နိုင်ငံရဲ့ ပြောင်းလဲလာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စကားရပ်များဥပဒေမှာ နဝတဥက္ကဋ္ဌနေရာမှာ နိုင်ငံတော်သမ္မတလို့ အစားထိုးပေမယ့် အခုအခြေခံဥပဒေက သမ္မတသည် စီမံခန့်ခွဲရေးအာဏာပဲရှိပါတယ်။ ဥပဒေပြုရေးအာဏာ မရှိပါဘူး။ အဲဒီတော့ ဥပဒေတစ်ခုကို ပြင်ချင်တယ်။ ပယ်ဖျက်ချင်တယ်၊ ပြောင်းလဲချင်တယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်ကိုသာ အပ်နှင်းထားပါတယ်။ ပြည်ထောင်စုလွှတ်တော်ကလည်း ဘယ်ဝန်ကြီးဌာနကိုမှ ဥပဒေပြုပိုင်ခွင့်အာဏာ လွှဲအပ်ထားခြင်း မရှိပါဘူး။ အဲ့ဒီအခြေအနေကို ထည့်သွင်းစဉ်းစားပြီးတော့ အခုပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂)နှင့် (၅) ပြဋ္ဌာန်းချက်နှင့်စပ်ဆက်ပြီးတော့ ထုတ်ပြန်ခဲ့တဲ့ ရုံးခွန်၊ တံဆိပ်ခေါင်းခွန် အမိန့်ကြော်ငြာစာများသည် ဥပဒေပြုရာရောက်တဲ့အတွက် ဒီလိုလုပ်ထုံးလုပ်နည်းများကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့က နောင်ဆောင်ရွက်တဲ့အခါမှာ အခြေခံဥပဒေနှင့်ညီ၊ မညီပါ စဉ်းစားပြီးတော့ ဆောင်ရွက်သင့်ကြောင်း ကျွန်တော်အကြံပြုလိုပါတယ်။ ချုပ်ပြီးတော့ ဒီအဆိုကိုတင်ပြရရင် ဒီနေ့ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေအတွက် အခွန်အတုတ်ကြောင့် ဝန်မပိစေချင်ပါဘူး။ စီးပွားရေးပိတ်ဆို့ထားတဲ့ ကာလမှာ ဖောက်ထွက်ရတဲ့အတွက် အခွန်အတုတ်များ ကောက်ခံရတဲ့အနေအထားကို ကျွန်တော်တို့ နားလည်ပါတယ်။ အခုဆိုရင် မင်္ဂလာသတင်းအဖြစ် ကမ္ဘာ့ဘဏ်တို့၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့က ကျွန်တော်တို့ကို ကူညီထောက်ပံ့မှုများ အတိအလင်းကြေညာနေလာတဲ့အချိန်မှာ ပြည်သူလူထုအများတကာ့အများစု အထူးသဖြင့် ဆင်းရဲသား ပြည်သူလူထုကို ထိခိုက်တဲ့ တံဆိပ်ခေါင်းခွန်နှင့် အမိန့်ကြော်ငြာစာအမှတ်(၁၂၂/၂၀၁၂)၊ ရုံးခွန်အမိန့်ကြော်ငြာစာ အမှတ်(၁၂၃/၂၀၁၂)တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့က ပြန်လည်သုံးသပ်ပေးပြီးတော့ ပြည်သူလူထုခံနိုင်တဲ့ အခွန်နှုန်းထားများအဖြစ် ပြန်လည်သတ်မှတ်ပေးဖို့ ပြည်ထောင်စုအစိုးရအဖွဲ့အား ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုကို ကျွန်တော်လေးလေးနက်နက်တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်ပတ်သက်ပြီး ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က ဦးသိန်းညွန့် အဆိုတင်သွင်းတဲ့ အဆိုကို ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ်မှ ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေမှ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးသိန်းညွန့် သဃ်န်းကျွန်းမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန်နှုန်းထားများကို အသစ်ပြောင်းလဲပြင်ဆင်ပြဋ္ဌာန်း သတ်မှတ်တဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၁၂)နဲ့ (၁၂၃/၂၀၁၂) အပါအဝင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂) နှင့် (၅) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေများကို အခြေခံ၍ လက်ရှိပြင်ဆင်သတ်မှတ်ထားသော ရုံးခွန်၊ တံဆိပ်ခေါင်းခွန်နှုန်းထားများနှင့်ပတ်သက်၍ ပြန်လည်စဉ်းစားသုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုနဲ့ ပတ်သက်လို့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရုံးခွန်အက်ဥပဒေကို ၁၈၇၀ ပြည့်နှစ် မြန်မာနိုင်ငံအင်္ဂလိပ်လက်အောက် ကိုလိုနီဘဝရှိစဉ်ကပင် အာဏာတည်ခဲ့ပြီး ပြဋ္ဌာန်းခဲ့တဲ့ဥပဒေဖြစ်ပြီးတော့ ခေတ်ကာလနဲ့ လိုက်လျောညီထွေမရှိတော့တဲ့ နှုန်းထားများကို ၁၉၅၇ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၉၀ ပြည့်နှစ်တွင်တစ်ကြိမ် ပြင်ဆင်ခဲ့ပါတယ်။ ပြဋ္ဌာန်းထားတဲ့ တံဆိပ်ခေါင်းခွန်၊ ရုံးခွန်အက်ဥပဒေအနေနဲ့ မြန်မာနိုင်ငံအချို့ဒေသတို့မှာ အာဏာတည်ခဲ့ခြင်းမရှိတဲ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရဲ့ ၂၇-၁၁-၉၇ ရက်စွဲပါစာအမှတ် ၁၈/၉၇ နဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့

တိုးချဲ့အာဏာ သက်ရောက်စေခဲ့ပါတယ်။ ယခုအခါမှာ ခေတ်နဲ့လျော်ညီမှုမရှိခြင်း ငွေကြေးဖောင်းပွမှုများရှိခြင်းနဲ့ စရိတ်စကများကြီးမြင့်လာခြင်းတို့ကြောင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် တံဆိပ်ခေါင်းခွန်နှုန်းထားများနဲ့ ရုံးခွန်နှုန်းထားများအား ပြင်ဆင်ရန်လိုအပ်လာတဲ့အတွက် ၂၉-၉-၂၀၁၁ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၂)နဲ့ မြန်မာနိုင်ငံတံဆိပ်ခေါင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၅)ဖြင့် ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီလို ပြဋ္ဌာန်းရာမှာလည်း ရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ်နှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်သမ္မတရုံးမှ အကြံပေးပုဂ္ဂိုလ်များ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နဲ့ တာဝန်ရှိသူများအနေနဲ့ ပြည်တွင်းအခွန်များဦးစီးဌာနမှ အတွေ့အကြုံရင့်ကျက်တဲ့ အရာထမ်းဟောင်းကြီးများ၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိလုပ်ငန်းရှင်ကြီးများ၊ ပညာရှင်များရဲ့ ဆွေးနွေးအကြံပြုချက်များရယူပြီးတော့ အကြမ်းပြုစုတင်ပြထားတဲ့ဥပဒေအား ပြန်လည်သုံးသပ်ညှိနှိုင်းမှုများပြုလုပ်ပြီး အဆင့်ဆင့်တင်ပြအတည်ပြုချက်နဲ့ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ဒီမိုကရေစီစနစ်နှင့် ဆီလျော်ပြီးတော့ တိုးတက်ပြောင်းလဲနေတဲ့ ခေတ်နဲ့ကိုက်ညီမယ့်အချက်များနဲ့အညီ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေ နောက်ဆက်တွဲပါဇယား ၁ နဲ့ ရုံးခွန်အက်ဥပဒေ နောက်ဆက်တွဲ ဇယား ၁ နဲ့ ၂ ပါနှုန်းထားများကို ပြင်ဆင်ရန်အတွက် ကျွမ်းကျင်သော ဘာသာရပ်၊ ဥပဒေပညာရှင်များ၊ တံဆိပ်ခေါင်းနှင့်ပတ်သက်ပြီး ဆက်နွယ်လျက်ရှိတဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာနစတဲ့ဌာနများမှ ကိုယ်စားလှယ်များပါဝင်တဲ့ အဖွဲ့များနဲ့ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းအကြံပြုချက်များကို အခြေပြုပြီး ပြင်ဆင်ရန်ဆောင်ရွက်ခဲ့ပါတယ်။ ၁၅-၃-၂၀၁၂ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၁၂)မှာ သဘောတူခွင့်ပြုချက်အရ ဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၁၂) ဖြင့် မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန်အက်ဥပဒေပါဇယား ၁ မှာပါရှိတဲ့နှုန်းထားများ အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၁၂)ဖြင့် ရုံးခွန်အက်ဥပဒေပါ ဇယား ၁ နှင့် ၂ တို့တွင်ပါရှိတဲ့နှုန်းထားများအား ပြင်ဆင်ခဲ့ပါတယ်။ ရုံးခွန်အက်ဥပဒေအား ဒုတိယအကြိမ် ပြင်ဆင်ခဲ့တဲ့ ၁၉၉၀ ပြည့်နှစ်မှာ ရုံးခွန်နှိပ်တစ်ရွက်လျှင် ပုံနှိပ်ခ ၁ ကျပ်ခန့်သာ ကျသင့်ပေမယ့်လည်း တတိယအကြိမ် ပြင်ဆင်တဲ့ ၂၀၁၂ ခုနှစ်မှာ ရုံးခွန်တစ်ရွက်လျှင် ပုံနှိပ်ခ ၁၅၀ ကျပ်ခန့် ကျသင့်လျက် ရှိပါတယ်။ သယ်ယူဖြန့်ဖြူးစရိတ်များလည်း ပိုမိုလာခဲ့ပါတယ်။ ငွေလဲလှယ်နှုန်းအနေနဲ့လည်း ၁၉၉၀ ပြည့်နှစ်မှာ

အမေရိကန်တစ်ဒေါ်လာလျှင် ၅ ကျပ် ၆ဝ ပြားဖြစ်ပြီးတော့ ၂ဝ၁၂ ခုနှစ်မှာ အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၈၅ဝ ပတ်ဝန်းကျင်ရှိနေပါတယ်။ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းများရဲ့ တန်ဖိုးအနေနဲ့လည်း ၁၉၉ဝ ပြည့်နှစ်အခြေအနေနဲ့ နှိုင်းယှဉ်ပါက ၂ဝ၁၂ ခုနှစ်မှာ အဆ ၂ဝဝ ခန့် အကြမ်းဖျင်းအားဖြင့် မြင့်တက်နေကြောင်း တွေ့ရှိရပါတယ်။ သို့ပါ၍ ပြင်ဆင်ထားတဲ့ တံဆိပ်ခေါင်းခွန် နဲ့ရုံးခွန်နှုန်းထားများဟာ ယနေ့ခေတ်ကာလအခြေအနေနဲ့ လျော်ညီမှုရှိပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ တံဆိပ်ခေါင်းခွန်များ မှန်ကန်ပြည့်ဝစွာရရှိရေးကို ရှေးရှုဆောင်ရွက်ခဲ့တဲ့ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် မျှတတဲ့နှုန်းထားများဖြစ်တာကို တွေ့ရှိရမှာဖြစ်ပြီး ပုံသေနှုန်းထားများကိုသာလျှင် အဆ ၁ဝဝ တိုးမြှင့်ထားခြင်း ဖြစ်ပါတယ်။ ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လေ့လာကြည့်မယ်ဆိုရင်လည်း ပုဒ်မ ၆၇ မှာ ငါးဆယ်ဆိုတဲ့စကားရပ်ကို ငါးထောင်ကျပ်၊ တစ်ရာကျပ်ဆိုတဲ့ စကားရပ်ကို ကျပ်တစ်သောင်းစကားရပ်တို့နဲ့ အသီးသီး ပြင်ဆင်ထားသကဲ့သို့ အလားတူ ခုနှစ်ဆယ့်ငါးကျပ်ဆိုတဲ့ စကားရပ်ကို ခုနှစ်ထောင့်ငါးရာကျပ်၊ ငါးရာဆိုတဲ့စကားရပ်ကို ကျပ်ငါးသောင်း၊ တစ်ထောင်ဆိုတဲ့ စကားရပ်ကို ကျပ်တစ်သိန်းဟူ၍ အသီးသီးပြင်ဆင်ထားပြီး ပြင်ဆင်ထားသည့် နှုန်းထားများမှာလည်း တံဆိပ်ခေါင်းခွန် ပြင်ဆင်ထားသည့် နှုန်းထားများနှင့် တူညီနေသည်ကို တွေ့ရှိရသဖြင့် ပြင်ဆင်ခဲ့သည့် ရုံးခွန်နှုန်းထားများ များနေသည်ဟုမဆိုနိုင်ဘဲ လိုက်လျောညီထွေစွာ ရှိနေသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ သို့ရာတွင် တရားမမှုအတွက် ကျသင့်တဲ့ရုံးခွန်များမှာ အခြေခံလူတန်းစားများ ကျခံကုန်ကျနေမှုထက်များနေကြောင်း တင်ပြချက်များနဲ့ ပြည်သူလူထုထံမှ အကြံပြုချက်များရရှိတဲ့အတွက် ဒီအချက်တွေကို ပြန်လည်သုံးသပ်စိစစ်ပြီး အမှန်ဖြစ်သင့်တဲ့ နှုန်းထားများ သတ်မှတ်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဆောင်ရွက်ခဲ့ပါတယ်။ ထို့ကြောင့် ပြင်ဆင်သတ်မှတ်ထားခဲ့သော ရုံးခွန်၊ တံဆိပ်ခေါင်းခွန်နှုန်းထားများကို လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိစေရန် စိစစ်သုံးသပ်ပြီး ပြင်ဆင်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ပါတယ်။ ၂ဝ၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ဝ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂ဝ၁၃)မှ ပြင်ဆင်တင်ပြချက်ကို သဘောတူခွင့်ပြုခဲ့တဲ့အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေနဲ့ ၁၈၇ဝ ခုနှစ် ရုံးခွန်အက်ဥပဒေ ပုဒ်မ ၃၅ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ၂ဝ၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၁ဝ၁/၂ဝ၁၃)ဖြင့် ထုတ်ပြန်ဆောင်ရွက်ပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အခွန်ကျသင့်မှုကို နှိုင်းယှဉ်တင်ပြရမယ်ဆိုရင် ၂ဝ၁၁ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာအရ အငြင်းပွားတဲ့အချင်းဖြစ်ငွေ ပမာဏ သို့မဟုတ် အချင်းဖြစ်

အကြောင်းအရာတန်ဖိုးဟာ ကျပ်တစ်သိန်းထက်မပိုလို့ရှိရင် အဆိုပါ ငွေပမာဏ သို့မဟုတ် တန်ဖိုး ပေါ်မှာ ၅ ရာခိုင်နှုန်းရုံးခွန်ကျသင့်ပါတယ်။ အဆိုပါငွေပမာဏ သို့မဟုတ် တန်ဖိုးမှာ ကျပ်တစ်သိန်း ထက်ပိုလို့ရှိရင် ၅ ရာခိုင်နှုန်းအပြင် ၁ ရာခိုင်နှုန်းထပ်ဆောင်းတွက်ချက်ပါတယ်။ အများဆုံး ရုံးခွန် ကျသင့်ငွေဟာ ကျပ် ၁၅ သိန်းလို့ သတ်မှတ်ပါတယ်။ အခုနောက်ဆုံး ၂၀၁၃ မှာ ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာအရဆိုလို့ရှိရင် အငြင်းပွားတဲ့ အချင်းဖြစ်ငွေပမာဏ သို့မဟုတ် တန်ဖိုးပေါ်မှာ ၀.၅ ရာခိုင်နှုန်းသာ ရုံးခွန်ကျသင့်မှာ ဖြစ်ပါတယ်။ ရုံးခွန်ရဲ့ အများဆုံးကျသင့်ငွေဟာ ၁၅ သိန်းဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ သို့ပါ၍ ကိုယ်စားလှယ်တော်ကြီးရဲ့ အဆိုနဲ့ပတ်သက်ပြီး လွှတ်တော်မှ မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဦးသိန်းညွန့်ရဲ့ သဘောထားပြောပါ။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြောင်းလဲလာတဲ့ အခြေအနေအရ အဆတစ်ရာတိုးလို့ အခွန်တော်ကို အဆတစ်ရာလိုက်ပြီးတိုးမယ်ဆိုတဲ့ ဘဏ္ဍာရေး ၀န်ကြီးဌာနရဲ့ အမြင်ကို ကျွန်တော်သဘောမတူပါဘူး။ သို့သော် အခုတစ်စုံတရာရုံးခွန်ကို ၀.၅ ရာခိုင်နှုန်း၊ တရားစွဲတာကို ပြင်ဆင်ပေးတဲ့အတွက် ဒီပြင်ဆင်ချက်ပေါ်မှာမူတည်ပြီးတော့ အခု ကျွန်တော်တင်ပြတဲ့အဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်မှ မှတ်တမ်းတင်ပေးထားဖို့ နောင်ဒီအခွန်ဟာ ပြည်သူလူထုကို အခုပြင်ဆင်မှုဟာ မလုံလောက်ဘူးဆိုရင်ကျွန်တော်တို့ ထပ်မံပြီး တော့ အဆိုပြုခြင်းအပါအဝင်ပေါ့။ လွှတ်တော်ထဲကနေ ဆောင်ရွက်စရာရှိတာ ဆောင်ရွက်ပါမယ်။ အခုကတော့ ဒီအဆိုကို မှတ်တမ်းတင်ပေးထားပါလို့ပဲ ဥက္ကဋ္ဌကြီးကို ကျွန်တော် တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခွန်ကိစ္စနဲ့ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်က ဥပဒေများ ပြဋ္ဌာန်း တယ်။ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာများကို သက်ဆိုင်ရာ အဆင့်ဆင့်သော အဖွဲ့အစည်းများက သတ်မှတ်ပြီးတော့ ဒါ့ကြောင့် ဥပဒေကို နောက်ဆုံး အကောင် အထည်ဖော်ဆောင်ရွက်တာက အမိန့်ကြော်ငြာစာနဲ့ဖြစ်နေပါတယ်။ ဒါကြောင့်လည်း အခုလို ပြည်သူလူထုတွေထဲမှာ အခက်အခဲဖြစ်လာပြီး အဲဒီကမှတစ်ဆင့် လွှတ်တော်ကို အဆိုတစ်ခုအဖြစ် တင်ပြတဲ့အခြေအနေကို ရောက်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်အနေနဲ့ ပြည်ထောင်စုလွှတ်တော် က သတ်မှတ်ပြဋ္ဌာန်းပေးတဲ့ ဥပဒေပေါ်မူတည်ပြီး နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် များကို ပြည်ထောင်စုလွှတ်တော်က ပြန်လည်သုံးသပ်ပြီးတော့ အမိန့်ကြော်ငြာစာ ထုတ်သင့်၊ မထုတ်

သင့် စဉ်းစားရမယ့် အခြေအနေမျိုးအထိ ရောက်လာပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကို စဉ်းစားမယ့် အခြေအနေတစ်ခုလို့ မှတ်သားထားဖို့လည်း လိုပါတယ်။ ဒီလို စဉ်းစားသလို စဉ်းစားမှုကောင်းမွန်တယ်ဆိုလို့ရှိရင်လည်း လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ လိုတယ်ဆိုတာလည်း ကျွန်တော်တို့ မှတ်သားထားဖို့ လိုပါမယ်။ ဒီနေ့ ကျွန်တော်တို့ နိုင်ငံရဲ့ အဓိကလိုအပ်ချက် သို့မဟုတ်ရင် ပြဿနာက အခွန်ငွေရရှိရေး၊ အခွန်ငွေယိုပေါက်မရှိရေး၊ အခွန်ငွေမှန်မှန်ကန်ကန် ရရှိရေးဖြစ်တဲ့အတွက် နောက်ဆုံး အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းအမိန့်ကြော်ငြာစာများ အင်မတန်မှ အရေးကြီးတဲ့ အခြေအနေတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ကလည်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ကြီးမြင့်လာသော ကုန်ဈေးနှုန်းအခြေအနေနဲ့ ငွေကြေးဖောင်းပွမှုအပေါ် မူတည်ပြီးတော့မှ အဆတစ်ရာ ရည်ရွယ်သတ်မှတ်တယ်ဆိုတာ သဘောမတူဘူးဆိုတာလည်း သီးခြားမှတ်တမ်းတစ်ခုအဖြစ် ထားပါမယ်။ သို့ရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးရှင်းလင်းတင်ပြရာမှာ အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်ပြီးကြောင်း ရုံးခွန်နဲ့ တံဆိပ်ခေါင်းခွန်များကို ဆိုလိုပါတယ်။ အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်ပြီးကြောင်း ရှင်းလင်းတင်ပြဆွေးနွေးတာကိုလည်း အဆိုရှင်က သဘောတူကြောင်း ပြန်လည်တင်ပြပြီး မှတ်တမ်းတင်ထားရှိရန်လည်း လွှတ်တော်ကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိဖို့ လွှတ်တော်ကို သဘောထားမေးပါမယ်။ လွှတ်တော်က ဦးသိန်းညွန့်ရဲ့အဆိုကို မှတ်တမ်းတင်ထားရှိဖို့ သဘောတူပါသလားခင်ဗျား။

**[**သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးသိန်းညွန့်ရဲ့အဆိုကို ပြည်သူ့လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများကို ၂၄-၁-၂၀၁၃ ရက်မှာ အမျိုးသားလွှတ်တော်

က ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူကြောင်း၊ ပြင်ဆင်ချက်မရှိကြောင်း ပြန်လည်ပေးပို့လာပါတယ်။ ဒါကြောင့် လွှတ်တော်နှစ်ရပ်က သဘောတူတယ်လို့ မှတ်ယူမှာဖြစ်တဲ့ အတွက် ပြည်သူ့လွှတ်တော်ရဲ့ နည်းဥပဒေ ၁၆၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော တရားရုံးများမထီမဲ့မြင်ပြုမှုဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပေးပို့လာသော တရားရုံးများကို မထီမဲ့မြင်ပြုမှု ဥပဒေကြမ်းကို ၂၁-၈-၂၀၁၁ ရက်နေ့မှာ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဖြစ်ပါတယ်။ ကော်မတီရဲ့အစီရင်ခံစာကိုလည်း ၂၂-၁၀-၂၀၁၂ ရက်နေ့တွင် တင်သွင်းခဲ့ပြီး ဖြစ်ပါ တယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စတင်ဆွေးနွေးပါမယ်။ ဒါကြောင့် ဒီဥပဒေကြမ်းနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီမှ စတင်ဆွေးနွေးတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအနေဖြင့် တရားရုံးများ မထီမဲ့မြင်ပြုမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူလပြဋ္ဌာန်းချက် အမျိုးသားလွှတ်တော်၏ ပြင်ဆင် အတည်ပြုချက်နှင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်တင်ပြချက်ဇယားအား အတည်ပြုပေးပါရန် ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉ အရ တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီး ခင်ဗျား။ တရားရုံးများ မထီမဲ့မြင်ပြုမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တင်သွင်းလာသည့် မူလဥပဒေကြမ်းကို ၁၅-၈-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိခဲ့ပြီး လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများထံ ၂၁-၈-၂၀၁၂ ရက်နေ့တွင် ဖြန့်ဝေခဲ့ပါတယ်။ ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်အစီရင်ခံစာကို ၂၂-၁၀-၂၀၁၂ ရက်နေ့၌ လွှတ်တော်တွင် ဖတ်ကြားတင်ပြပြီး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်များအပေါ် ပြင်ဆင်ချက်အဆို

တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်းကို တောင်းခံခဲ့ရာမှာ ပြင်ဆင်ချက်အဆို တင်သွင်းခဲ့ကြတဲ့ ကိုယ်စားလှယ်များကတော့ ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်နှင့် သယ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်တို့ဖြစ်ကြပါတယ်။ ဥပဒေကြမ်းကော်မတီ၏ စိစစ်ချက်၊ လွှတ်တော် ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်များကို ၂၁-၁-၂၀၁၃ ရက်နေ့မှာ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှလည်း ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအပေါ်တွင် သဘောတူလက်ခံခဲ့ပြီးဖြစ်ပါတယ်။

ထို့အပြင် ဤဥပဒေကြမ်း၏ ပြည်သူ့လွှတ်တော်မှပြင်ဆင်ရန်တင်ပြချက်ဇယားကိုလည်း ယနေ့ ၂၈-၁-၂၀၁၃ ရက်နေ့မှာ ကိုယ်စားလှယ်တော်ကြီးများထံသို့ ဖြန့်ဝေပြီးလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉ အပိုဒ်ခွဲ (က)၊(ခ)၊ (ဂ) နှင့် (ဃ) တို့အရ အပိုင်း ၃ ပိုင်းခွဲပြီး အတည်ပြုပေးနိုင်ပါရန် ဥပဒေကြမ်းကော်မတီကိုယ်စား အောက်ပါ အတိုင်း အဆိုပြုတင်ပြအပ်ပါတယ်။ ဤဥပဒေကြမ်းမှာ ပြင်ဆင်ချက် ၁၉ ချက်ရှိသည့်အနက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ဥပဒေကြမ်းကော်မတီမှ သဘောတူထားပြီး လွှတ်တော် ကိုယ်စားလှယ်များမှလည်း ပြင်ဆင်ချက်တင်သွင်းခြင်းမရှိတဲ့ ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါ တယ်။ အခန်း(၁) အမျိုးသားလွှတ်တော် ပြင်ဆင်ချက် ပုဒ်မနှင့် ပုဒ်မခွဲ(ဂ)၏ ပုဒ်မခွဲငယ်(၂)နှင့် ပုဒ်မခွဲငယ်(၃)၊ အခန်း(၂) အမျိုးသားလွှတ်တော် ပြင်ဆင်ချက် ပုဒ်မ ၃၊ ပုဒ်မ ၄ နှင့် ပုဒ်မ ၆၊ အခန်း (၃) အမျိုးသားလွှတ်တော် ပြင်ဆင်ချက် ပုဒ်မ ၇ နှင့် ပုဒ်မ ၉၊ အခန်း(၄) အမျိုးသားလွှတ်တော် ပြင်ဆင်ချက် ပုဒ်မ ၁၂ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီမှ သဘောတူထားသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် အချက် ၇ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာအဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်တွေဟာ လွှတ်တော်ကိုယ်စားလှယ်များ လက်ထဲမှာရောက်ရှိနေတဲ့ ကန့်လန့်ဖြတ်ဇယားမှာကြည့်လို့ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၉ အရ တရားရုံးများကိုမထိမဲ့မြင်ပြုမှု ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက် ၁၈ ချက်ရှိတဲ့အနက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၄ ချက်ကို ဥပဒေကြမ်းကော်မတီမှ သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက

သဘောထားတဲ့ ပြင်ဆင်ချက် ၄ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တရားရုံးများကို မထိမဲ့မြင်ပြုမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ရန်အချက် ၁၈ ချက်ရှိတဲ့အနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ ပြင်ဆင်ချက် ၄ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၉ အရ တရားရုံးများကို မထိမဲ့မြင်ပြုမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီမှပြင်ဆင်ထားတဲ့အချက် ၂ ချက်က ဥပဒေကြမ်းကော်မတီက လွှတ်တော်သို့တင်ပြဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေကြမ်း၌ပါရှိတဲ့ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းမဟုတ်ဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ မူလပြဋ္ဌာန်းချက်အတိုင်း သဘောတူထားပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားခြင်းမရှိတဲ့ ပုဒ်မများကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။ အခန်း(၂) မူလပုဒ်မ ၅ နှင့် အခန်း(၅) မူလပုဒ်မ ၁၂ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖော်ပြပါပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီမှ သဘောတူထားသည့် မူလပြဋ္ဌာန်းချက်များအတိုင်း လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာအဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၉ အရ တရားရုံးများကို မထိမဲ့မြင်ပြုမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းမဟုတ်ဘဲ မူလပြဋ္ဌာန်းချက်အတိုင်း ဥပဒေကြမ်းကော်မတီမှပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၂ ချက်အား ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီက ပြင်ဆင်ချက်အပိုဒ် ၅ ပိုဒ်ကို တစ်ဆက်တည်း တင်ပြဖို့ တင်ပြထားပါတယ်။ ဒါကြောင့် ဦးသိန်းရီ တင်ပြ ပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ပြင်ဆင်လိုသည့် အပိုဒ်များက အမှတ်စဉ် ၁ တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေခေါင်းစဉ်မှာ တရားရုံးများသည် မြို့နယ်၊ ခရိုင်၊ တိုင်းတို့အလိုက် ကိုယ်စားပြုတဲ့ အနေအထားမျိုးတွေရှိတဲ့အတွက်ကြောင့်မို့လို့ လက်ရှိတည်ဆဲဥပဒေ ၉၂၆ ဥပဒေအရလည်း များ ဆိုတာကို အများကို ကိုယ်စားပြုတယ်ဆိုတဲ့သဘောအရ တရားရုံးများကို မထီမဲ့မြင်ပြုမှု ဥပဒေဟု ပြင်ဆင်လိုပါတယ်။ အမှတ်စဉ် ၂ အခန်း(၁) အပိုဒ် ၁ မှ ဤဥပဒေကို တရားရုံးများကို မထီမဲ့မြင်ပြုမှု ဥပဒေဟု ခေါ်တွင်စေရမည်။ များကို ဆက်လက်ပြီးတော့ အသုံးပြုခြင်းဖြစ်ပါတယ်။ အမှတ်စဉ် ၃ အပိုဒ် ၂ အပိုဒ်ခွဲ (က) တရားရုံးများကို မထီမဲ့မြင်ပြုမှုဆိုသည်မှာ တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုနှင့် ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှုကို ဆိုလိုသည်။ များကို ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အမှတ်စဉ် ၅ အခန်း(၁) အပိုဒ် ၂ (ဂ) ဖြည့်စွက်လိုတဲ့အချက်ဖြစ်ပါတယ်။ (ဂ) မှာ အပိုဒ် ၄ အဖြစ် တရားရုံးများက ဆုံးဖြတ်ရန်ရှိသောအချက်များကို တစ်စုံတစ်ရာ အဆုံးအဖြတ်မပေးရသေးမီ ကြိုတင်ဝေဖန်ပြောဆိုခြင်း၊ ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်းတို့ကို ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာပါဖော်ပြပေးပါ။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၉ အမှတ်စဉ် ၁၉ အခန်း(၉) အပိုဒ် ၁၃ မှာ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်မှာ တရားရုံးများကို မထီမဲ့မြင်ပြင်မှုကို ကျူးလွန်ခဲ့သည်ဟု အဆိုရှိသောနေ့မှစ၍ တစ်နှစ်အတွင်း အမှုကို စွဲဆိုရမည်။ သတ်မှတ်ထားသော ကာလထက် ကျော်လွန်ပါက မည်သည့်တရားရုံးတော်ကမျှ အဆိုပါအမှုကို အရေးယူဆောင်ရွက်ခြင်း မပြုရဟု မူလပြဋ္ဌာန်းချက်အရလည်းကောင်း အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် တစ်နှစ်ဆိုတဲ့ အချက်နဲ့ကိုက်ညီမှုရှိစေရန်အတွက် ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ကျွန်တော်ရဲ့ပြင်ဆင်ချက်မှာ မူလ ပြဋ္ဌာန်းချက်အတိုင်း ပြင်ဆင်ပေးပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီအနေနဲ့ သဘောတူပါတယ်။ ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက် အဆို ၅ ခုရှိပါတယ်။ စာမျက်နှာ ၁ မှာ အမှတ်စဉ် ၁၊ ၂၊ ၃၊ စာမျက်နှာ ၃ မှာ အမှတ်စဉ် ၆ နှင့် စာမျက်နှာ ၉ မှာ အမှတ်စဉ် ၁၉ ဖြစ်ပါတယ်။ အမှတ်စဉ် ၁၉ မှာကတော့ ဦးသိန်းညွန့်၊ သယ်န်းကျွန်း မဲဆန္ဒနယ်နဲ့ ကျွန်တော်တို့ သဘောထားရယူရမှာဖြစ်တဲ့အတွက် အထက်အချက် ၄ ချက်အပေါ်မှာ အဆုံးအဖြတ်ပေးရမှာဖြစ်ကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ရဲ့သဘောထားပြောပါ။ တရားလွှတ်တော်ချုပ်ရဲ့သဘောထားပြောပါ။

**ဦးသာဌေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထန်းတပင်မဲဆန္ဒနယ် က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီတင်သွင်းသွားတဲ့ ပြင်ဆင်ရန်အချက် ၅ ချက်နှင့် ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သဘောတူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းရီရဲ့ ပြင်ဆင်အဆိုပြုချက်နှင့်ပတ်သက်ပြီး လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က ပြင်ဆင်ချက်များတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အရင်ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကိုတင်ပြချင်တဲ့အချက်ကတော့ ပြည်သူ့လွှတ်တော်ရုံးကနေ လွှတ်တော် ကိုယ်စားလှယ်အားလုံးကို ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ကဖြန့်ဝေထားပြီးဖြစ်တဲ့ ကျွန်တော့်ရဲ့ တရားရုံးများကို မထိမဲ့မြင်ပြုမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းအား ပြန်လည် ရုပ်သိမ်းခွင့်

ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တင်ပြပါတယ်။ ကျွန်တော့်ဥပဒေကြမ်းကို ရုပ်သိမ်းပြီး ဖြစ်တဲ့အတွက် အခုပြင်ဆင်ချက်များကို ကျွန်တော်တစ်ပေါင်းတည်းဆွေးနွေးပါမယ်။ ဦးဆုံး အမှတ်စဉ် ၄ အပိုဒ် ၂ ။

**ဥက္ကဋ္ဌ။** ။ ဦးသိန်းညွန့်မူလတင်ပြခဲ့တဲ့ တရားရုံးများကို မထီမဲ့မြင်ပြုမှုပြင်ဆင် အဆိုပြုချက်ကို ဦးသိန်းညွန့်ကပြန်လည်ရုပ်သိမ်းမယ်ဆိုကြောင်းတင်ပြပါတယ်။ ဒီကိစ္စနဲ့ပတ်သက် ပြီးတော့ ပြန်လည်ရုပ်သိမ်းဖို့လည်း လိုအပ်ပါတယ်။ သို့ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းအရ လွှတ်တော်ရဲ့ အတည်ပြုချက်ရပါ့မယ်။ ဒါကြောင့်မို့လို့ ဦးသိန်းညွန့်တင်ပြခဲ့တဲ့ တရားရုံးများကို မထီမဲ့မြင်ပြုမှုပြင်ဆင်ချက်အဆို ရုပ်သိမ်းမှုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဦးသိန်းညွန့်တင်ပြခဲ့တဲ့ တရားရုံးများကိုမထီမဲ့မြင်ပြုမှုပြင်ဆင်ချက်အဆိုအား ရုပ်သိမ်းကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဆက်ပြီးတင်ပြပါ။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြင်ဆင်ချက် အမှတ်စဉ် ၄ အပိုဒ် ၂ မှာ စကားလုံး စကားအထားအသို ကျွန်တော်ပြန်လည်ပြီးတော့ ပြင်ဆင်ပါရစေ။ အဲ့ဒါကကတော့ တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုဆိုသည်မှာ တရားရုံးတစ်ရုံးကချမှတ်သော ဥပဒေနဲ့ ညီညွတ်သည့် စီရင်ချက်၊ ဒီကရီ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ထုတ်ဆင့်သောဆင့်စာကို တမင်သက်သက် မလိုက်နာခြင်းကိုဆိုလိုသည်။ ကျိုးကြောင်းဖော်ပြချက်ကတော့ ဒီနေ့အချိန်အထိမျှတတဲ့ ဥပဒေနဲ့ ညီတဲ့စီရင်မှုများကို မကြုံတွေ့ရတဲ့ဖြစ်ရပ်အမြောက်အမြားရှိပါတယ်။ ဒါကြောင့် ဥပဒေနဲ့ညီညွတ်သည့် စီရင်ချက်၊ ဒီကရီ၊ အမိန့်၊ ညွှန်ကြားချက်ကိုသာလျှင် ပြည်သူပြည်သားတွေက နာခံဖို့လိုပါတယ်။ အဲ့ဒီအချက်ကြောင့် ကျွန်တော် ဒီပြင်ဆင်ချက်ကိုတင်သွင်းခြင်းဖြစ်ပါတယ်။

နောက် အမှတ်စဉ် ၅ အပိုဒ် ၂ အပိုဒ်ခွဲ ၃ မှာ ကျွန်တော်ပြင်ဆင်ထားတာကတော့ တရားရုံး၏ဥပဒေကအပ်နှင်းထားသော အခွင့်အာဏာကို သေးသိမ်စေရန် သို့မဟုတ် သေးသိမ်ခြင်း ဖြစ်စေရန်သော်လည်းကောင်းလို့ ကျွန်တော်ပြင်ဆင်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ဥပဒေက

မအပ်နှင်းတဲ့ အခွင့်အာဏာတွေနဲ့ ပြည်သူလူထုကိုထိပါးတဲ့ လုပ်ရပ်တွေရှိနေတဲ့အတွက် အခု ဒီဥပဒေကိုပြဋ္ဌာန်းတဲ့အခါမှာ တိတိကျကျဖြစ်စေချင်ပါတယ်။ ဒါကြောင့် ပြင်ဆင်မှုကိုတင်ပြရခြင်း ဖြစ်ပါတယ်။

နောက်အမှတ်စဉ် ၁၀ အခန်း (၂) အပိုဒ် ၅ မှာ ကျွန်တော်က ဘာထပ်ဖြည့်ထားလဲဆိုတော့ (ဃ) အခြားနည်းလမ်းအရဖြစ်စေ၊ မိမိတရားရုံးနှင့် မိမိ လက်အောက်ခံတရားရုံးတစ်ရုံးကို မထီမဲ့မြင်ပြုမှုအား အရေးယူပိုင်ခွင့်သည်။ သို့ရာတွင် လက်အောက်ခံတရားရုံးတစ်ရုံးအပေါ် ကျူးလွန်ကြောင်း စွပ်စွဲထားသည့် မထီမဲ့မြင်ပြုမှုမှာ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်သော မထီမဲ့မြင်ပြုမှု ဖြစ်ပါက ယင်းပြစ်မှုကိုအရေးယူခွင့်မရှိစေရ။ ကျွန်တော်တို့ ရာဇသတ်ကြီးမှာ တရားရုံးကို ထိပါးလို့ရှိရင် အရေးယူနိုင်တဲ့ဥပဒေများပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။ အဲ့ဒါကြောင့် နှစ်ထပ်ကွမ်း ပြစ်ဒဏ်ပေးတဲ့အဖြစ်မျိုး ပြည်သူပြည်သားတွေမကြုံနိုင်ဖို့အတွက် ဒီပြင်ဆင်မှုကိုတင်ရခြင်းဖြစ်ပါ တယ်။ (ဃ) မိမိရုံးနှင့် မိမိလက်အောက်ခံတရားရုံးတစ်ရုံးကို မထီမဲ့မြင်ပြုမှုအား အရေးယူပိုင်ခွင့် ရှိသည်။ သို့ရာတွင် လက်အောက်ခံတရားရုံးတစ်ရုံးအပေါ်တွင် ကျူးလွန်ကြောင်းစွပ်စွဲထားသည့် မထီမဲ့မြင်ပြုမှုမှာ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်သော မထီမဲ့မြင်ပြုမှုဖြစ်ပါက ယင်းပြစ်မှု ကိုအရေးယူခွင့်မရှိစေရ။ ကျိုးကြောင်းဖော်ပြချက်ကတော့ ခုနက (ဃ)မှာ ကျွန်တော် တင်ပြပြီး ဖြစ်ပါ တယ်။

အမှတ်စဉ် ၁၃ အပိုဒ် ၈ မှာ ကျွန်တော်ဖြည့်ထားတာရှိပါတယ်။ (က) တရားသူကြီး တစ်ဦးဦး ၏ပုဂ္ဂိုလ်ရေးအမှားအယွင်းအပေါ် ရေးသားတိုင်ကြားခြင်း၊ ထုတ်ဖော်ပြောဆိုခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုရာမရောက်။ ဒီနေ့ ကျွန်တော်တို့အားလုံးသိတဲ့အတိုင်းပဲ လွှတ်တော်ကော်မတီတွေကို ရောက်တဲ့ စာတွေအရရော၊ လက်တွေ့အရရော တရားသူကြီးတွေရဲ့ တော်တော်များများရဲ့ အမှား အယွင်းတွေနှင့်ပတ်သက်ပြီးတော့ ပြည်သူလူထုကတိုင်ကြားလာတာတွေရှိပါတယ်။ ဒီလိုတိုင်ကြားတာ တွေကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က နိုင်ငံသူနိုင်ငံသားတွေကို ကာကွယ်ပေးဖို့လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော် ဒီပြင်ဆင်ချက်ကိုထည့်သွင်းရခြင်းဖြစ်ပါတယ်။ (ခ) တရားရုံးစစ်ဆေးရန် တင်ပြ ထားသည့်အမှုနှင့်စပ်လျဉ်း၍ တရားစီရင်ရေးမဏ္ဍိုင်ခိုင်မာစေရန် ဥပဒေနဲ့အညီ လွတ်လပ်စွာတရား စီရင်ရေးအတွက် ရေးသားဖော်ပြချက်များသည်တရားရုံးတော်ကို မထီမဲ့မြင်ပြုသည်ကို တရားဥပဒေ စိုးမိုးရေးအတွက် တရားရေးမဏ္ဍိုင်ခိုင်မာဖို့ လွတ်လပ်စွာတင်ပြခွင့်ရှိမှလည်း ဒီနေ့ ကျွန်တော်တို့ နိုင်ငံတကာကအကဲဖြတ်ချက်အရ တရားဥပဒေစိုးမိုးမှုအဆိုးရွားဆုံး ၁၀ နိုင်ငံထဲမှာပါနေတဲ့

ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ်ကိုပြုပြင်နိုင်ပါလိမ့်မယ်။ ဒါကြောင့် ကျွန်တော် ဒီပြင်ဆင်ချက်ကို တရားဥပဒေရဲ့အကာအကွယ်ကို ပြည်သူတွေရဖို့ တရားရေးမဏ္ဍိုင်ကို ထိန်းကျောင်းနိုင်ဖို့အတွက် တင်ပြရခြင်းဖြစ်ပါတယ်။

နောက် အမှတ်စဉ် ၁၅ အခန်း (၄) အပိုဒ် ၁၀ ကျွန်တော့် ပြင်ဆင်ချက်ကတော့ မည်သူမဆို တရားရုံးတစ်ရုံးကို ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုကျူးလွန်ကြောင်း ပြစ်ဒဏ်စီရင်ခံရလျှင် ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ကိုချမှတ်ရမည်။ သို့ရာတွင် ကျေနပ်လောက်အောင်ဝန်ချတောင်းပန်လျှင် တရားရုံးကစွပ်စွဲခံရသူကို အပြစ်မှလွတ်နိုင်သည် သို့မဟုတ် ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပြုနိုင် သည်။

ဒီလိုပါပဲ အခန်း(၄) အပိုဒ် ၁၁ စာမျက်နှာ ၈ မှာ ကျွန်တော့်ပြင်ဆင်ချက်ကတော့ မည်သူမဆို တရားရုံးတစ်ရုံးကို တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားခံရလျှင် ထိုသူအား ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ချမှတ်ရမည် သို့ရာတွင် ကျေနပ်လောက်အောင်ဝန်ချတောင်းပန် လျှင် တရားရုံးကစွပ်စွဲခံရသူကို အပြစ်မှလွတ်နိုင်သည် သို့မဟုတ် ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပြု နိုင်သည်။ အရင်ပြဋ္ဌာန်းခဲ့တဲ့ တရားရုံးများမထီမဲ့မြင်ပြုမှုဥပဒေဟာ ဘယ်ပုဒ်မကိုကျူးလွန်ရင် တရားရုံး ကိုမထီမဲ့မြင်ပြုတယ်လို့ အတိအကျပြဋ္ဌာန်းထားခြင်းမရှိဘူး။ စီရင်ထုံးတွေကိုပဲအမှီပြုပြီးတော့ ဘယ်အချိန်မှာ တရားရုံးတော်ကိုမထီမဲ့မြင်ပြုတယ်။ ဘယ်ကိစ္စမှာ မပြုဘူးဆိုပြီးတော့စီရင်ထုံး ပြဋ္ဌာန်းချက်နဲ့ဆုံးဖြတ်ခဲ့တာပါ။ အခုကျတော့ ဥပဒေပြဋ္ဌာန်းချက်နဲ့ အတိအကျရေးသားလာပြီးပြဋ္ဌာန်း လာတဲ့အခါမှာ ကျွန်တော်ကတော့ တရားရုံးကိုမထီမဲ့မြင်ပြုမှုဥပဒေသည် ဒုတိယအကြိမ် လွှတ်တော် တုန်းက ဖျက်သိမ်းဖို့ကောင်းတဲ့ဥပဒေလို့ ကျွန်တော်တင်ခဲ့တယ်။ အခုလည်း ကျွန်တော်ပြင်ဆင်ချက် ဥပဒေတင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီဥပဒေဟာ ပြည်သူလူထုကိုကာကွယ်တဲ့ဥပဒေပဲဖြစ်ရမယ်။ တရားသူကြီးတွေကိုကာကွယ်တဲ့ဥပဒေမဖြစ်ရဘူး။ အခုလို တရားစီရင်ရေးမဏ္ဍိုင်မှာ အင်မတန်မှ အနာအဆာတွေများနေတဲ့အချိန်မှာ လုပ်ပိုင်ခွင့်အာဏာကိုပေးထားတဲ့အခါမှာ လွန်ကျူးပါလျှင် ဒီပေါ်မှာမူတည်ပြီးတော့ အထူးသဖြင့်အရင်ဆုံးထိပါးခံရမှာကတော့ စတုတ္ထမဏ္ဍိုင်ပါ။ အဲဒါကြောင့် ကျွန်တော်က ဒီကနေ့ ယဉ်ကျေးတဲ့နိုင်ငံတွေမှာ ဒီလိုအမှုမျိုးတွေနှင့်ပတ်သက်ရင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုလို့ လွတ်လပ်စွာသဘောထားတင်ပြလို့ သဘောထားကွဲလို့ဆိုတဲ့အမှုမျိုးတွေမှာ တတ်နိုင်သမျှထောင်ဒဏ်ကိုမထားတော့ပါဘူး။ ဒဏ်ငွေပဲသတ်မှတ်ထားတယ်ဆိုတာ ကျွန်တော်

လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ဒီမှာ ထောင်ဒဏ်သတ်မှတ်ထားခြင်းကိုပယ်ဖျက်ပြီးတော့ ငွေဒဏ်သာချမှတ်သင့်ကြောင်း ကျွန်တော်ပြင်ဆင်ချက်တင်သွင်းထားခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ စာမျက်နှာ ၉ အပိုဒ် ၁၉ အခန်း(၆)မှာ ကျွန်တော်တင်သွင်းထားတဲ့ ပြင်ဆင်မှုကတော့ တရားရုံးကိုမထီမဲ့မြင်ပြုမှုကိုကျူးလွန်ခဲ့သည်ဟုအဆိုရှိသောနေ့မှစ၍ ၆ လအတွင်း အမှုကိုစွဲဆိုရမည်။ သတ်မှတ်ထားသောကာလထက်ကျော်လွန်ပါက မည်သည့်တရားလွှတ်တော်ကမှ အဆိုပါအမှုကို အရေးယူဆောင်ရွက်ခြင်းမပြုရ။ ဒီကာလစည်းကမ်းသတ်ကို သတ်မှတ်ထားတာကတော့ အချိန်ယူပြီးတော့သွေးအေးအေးနဲ့ လွတ်လပ်စွာသဘောထားထုတ်ဖော်တဲ့လူတွေကို တရားရုံးနှင့်ပတ်သက်ပြီးတော့ မှန်မှန်ကန်ကန်တိုင်ကြားချင်တဲ့သူတွေကိုအရေးယူဖို့အတွက် ဆောင်ရွက်မယ့်ဟာကို တတ်နိုင်သမျှအကာအကွယ်ပေးနိုင်ဖို့၊ ဟန့်တားပေးနိုင်ဖို့ဒီပြင်ဆင်ချက်ကို ကျွန်တော်တင်ပြထည့်သွင်းထားခြင်းဖြစ်ပါတယ်။ အဲ့တော့ ချုပ်ပြီးတော့ပြောရရင်တော့ ကျွန်တော်တို့ ဥပဒေတစ်ခုကိုပြဋ္ဌာန်းတိုင်း ပြဋ္ဌာန်းတိုင်း ဒီဥပဒေဟာ နိုင်ငံနှင့် နိုင်ငံသားများကိုအကာအကွယ်ပေးနိုင်တဲ့ဥပဒေဖြစ်ပါစေလို့ဆုတောင်းရင်းနဲ့ပဲ ကျွန်တော့်ပြင်ဆင်ချက်ကို နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့ပြင်ဆင်အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီက ထောက်ခံရင် ထောက်ခံကြောင်း၊ ကန့်ကွက်ရင် ကန့်ကွက်ကြောင်းတင်ပြဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်မှ အမှတ်စဉ် ၄၊ အမှတ်စဉ် ၅၊ အမှတ်စဉ် ၁၀၊ ၁၃၊ ၁၅၊ ၁၆၊ ၁၉ အချက် ၇ ချက်ကို ပြင်ဆင်ချက်အဆိုတင်ပြသွားပါတယ်။ အချက်တစ်ချက်ချင်းစီအလိုက်မှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့လည်း တွေ့ရှိချက်များကို တင်ပြသွားမှာဖြစ်တဲ့အတွက် တစ်ချက်ချင်းအလိုက်အတည်ပြုပေးပါရန် ဦးစွာ တင်ပြလိုပါတယ်။

ဦးစွာ အခန်း(၁) အပိုဒ် ၂ မှာ တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုဆိုသည်မှာ တရားရုံးတစ်ရုံးက ချမှတ်သော စီရင်ချက်၊ ဒီကရီ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ထုတ်ဆင့်သောဆင့်စာကို တမင်သက်သက်မလိုက်နာခြင်းကိုဆိုသည်ဟု မူလပြဋ္ဌာန်းချက်အပေါ်မှာ အမျိုးသားလွှတ်တော်က အတည်ပြုထားပါတယ်။ အလားတူပဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း အတည်ပြုထားပါတယ်။ ဒီရှင်းလင်းချက်အပေါ်မှာ ဥပဒေနဲ့ညီညွတ်သည့်ဆုံးဖြတ်ချက်လို့၊ စီရင်ချက်လို့ထပ်မံဖြည့်စွက်လိုက်ခြင်းအားဖြင့် တရားဥပဒေအတွက် အခက်အခဲဖြစ်နိုင်သလို တရားဥပဒေစိုးမိုး

ရေးအတွက်လည်း အခက်အခဲဖြစ်နိုင်တယ်။ ဒီ့အပြင် တရားရုံးကချမှတ်လိုက်တဲ့ဆုံးဖြတ်ချက်တွေက လည်း တရားဥပဒေနဲ့မညီညွတ်တဲ့သဘောသက်ရောက်သွားနိုင်တဲ့အတွက် နောင်မှာ ဝိဝါဒကွဲစရာများ ရှိတဲ့အတွက် ကျွန်တော်တို့အနေနဲ့ မူလဥပဒေကြမ်းကော်မတီကဆုံးဖြတ်ထားတဲ့အတိုင်း အမျိုးသား လွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း အတည်ပြုတဲ့အနေအထားမှာရှိပါတယ်။ ဦးသိန်းညွန့်ရဲ့တင်ပြချက် ကိုမထောက်ခံနိုင်ကြောင်း တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် သဘောထားပြောပါ။

**ဦးသာဒွေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ဦးသိန်းညွန့်က တရားရုံး တစ်ရုံးကချမှတ်တဲ့ ဥပဒေနဲ့ညီညွတ်သော စီရင်ချက်၊ ဒီဂရီ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ထုတ်ဆင့် သောဆင့်စာကို တမင်သက်သက်မလိုက်နာခြင်းဆိုပြီးတော့ ဥပဒေနဲ့ညီညွတ်သည့်ဆိုတဲ့အချက်ကလေး ထည့်ထားတာဖြစ်ပါတယ်။ တရားရုံးကဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်၊ အမိန့်၊ ဒီဂရီတွေဟာ ဥပဒေနဲ့ညီညွတ် တယ်လို့ ဥပဒေအရမှတ်ယူရမှာဖြစ်ပါတယ်။ ဥပဒေနဲ့ညီညွတ်မှုမရှိတဲ့ဟာကို တရားရုံးရဲ့အယူခံ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်စေမှုများမှာ အထက်တရားရုံးက အောက်ရုံးရဲ့သုံးသပ်ဆောင်ရွက်ချက်ဟာ ညီညွတ်ကြောင်းတွေ့လို့ရှိရင် ပြင်ဆင်ပေးသွားမှာဖြစ်ပါတယ်။ ဒီလိုပဲ ဥပဒေနဲ့ညီညွတ်တယ်ဆိုတာကို တရားရုံးကပဲ ဆုံးဖြတ်နိုင်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီကိစ္စအပေါ်မှာ အမှုသည်ရှေ့နေတွေက မိမိသဘောအလျောက်ဆုံးဖြတ်မယ်ဆိုလို့ရှိရင် တရားဥပဒေစိုးမိုးရေးလိုက်နာတဲ့နေရာမှာ အခက်အခဲ တွေဖြစ်နိုင်တဲ့အတွက်ကြောင့်မို့လို့ ပြင်ဆင်မယ့်အဆိုကိုလက်မခံနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် ဦးသိန်းညွန့်ရဲ့အဆိုကို ဥပဒေကြမ်းပူပေါင်းကော်မတီက အတည်မပြုနိုင်ဘူး။ ကန့်ကွက်တယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း အတည်မပြုနိုင် ဘူး။ ကန့်ကွက်တယ်။ ဒါကြောင့် ဦးသိန်းညွန့်ရဲ့အဆိုကို ထောက်ခံမယ့်သူများ မတ်တတ်ရပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ၃ ယောက်ပဲရှိပါတယ်။ ဒါကြောင့်မို့လို့ ဦးသိန်းညွန့်ရဲ့အဆို အတည်မဖြစ် ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆက်လက်တင်ပြပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၅ ဖြစ်ပါတယ်။ စာမျက်နှာ ၂ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ် (၁) ကို ဦးသိန်းညွန့်က ပြင်ဆင်ချက်အဆို တင်ထားပါတယ်။ ဥပဒေကြမ်းကော်မတီကတော့ တရားရုံး၏စီရင်ပိုင်ခွင့်အာဏာ သို့မဟုတ်

ဂုဏ်သိက္ခာကိုသေးသိမ်စေခြင်းနှင့် ပတ်သက်ပြီးတော့ ဒါအထက်မှာပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုဆိုတဲ့ Definition မှာဖော်ပြထားခြင်းဖြစ်ပါတယ်။ တရားရုံးရဲ့စီရင်ပိုင်ခွင့်အာဏာ၊ ဂုဏ်သိက္ခာကို သေးသိမ်စေခြင်းနှင့်ပတ်သက်ပြီးတော့ နှုတ်ဖြင့်ပြောခြင်း၊ စာဖြင့်ပြောခြင်း၊ အမှတ်သင်္ကေတ၊ ထင်ရှားတဲ့ ပုံသဏ္ဌာန်ဖြင့် တစ်နည်းနည်းဖြင့်တမင် ထုတ်ဖော်ကြေညာတယ်။ သတင်းအဖြစ်ရေးသားဖော်ပြရင် ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်းကိုဆိုတယ်ဆိုတဲ့ အတွဲစာသားဟာ ပြည့်စုံလုံလောက်တဲ့အနေအထား မှာရှိတယ်လို့ ဥပဒေကြမ်းကော်မတီမှ ဆုံးဖြတ်ထားခြင်းဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့ ဦးသိန်းညွန့်ရဲ့ အဆိုကို သဘောမတူဘဲနဲ့ ဥပဒေကြမ်းကော်မတီရဲ့ ဆုံးဖြတ်ထားချက်အတိုင်းသာ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့သဘောထားပြောပါ။

**ဦးသာဌေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ဦးသိန်းညွန့်ပြင်ဆင်ဖို့ တင်ပြတာကတော့ ဥပဒေအရအပ်နှင်းထားသော အခွင့်အာဏာကို သေးသိမ်စေရန် သို့မဟုတ် သေသိမ်ခြင်းဖြစ်တန်စေရန်သော်လည်းကောင်းဆိုပြီးတော့ ပြင်ဆင်ဖို့အဆိုပြုထားပါတယ်။ ဒီဟာမှာ လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူလအဆိုပြုခဲ့တာက တရားရုံး၏ အခွင့်အာဏာကို ဆိုပြီးတော့ ရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ အခွင့်အာဏာဟာ Authority ပြောတာဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်က ပြင်ဆင်ပေးလိုက်တာကတော့ စီရင်ပိုင်ခွင့်အာဏာဖြစ်ပါတယ်။ Jurisdiction ဖြစ်ပါ တယ်။ Authority က Jurisdiction ထက်ပိုပြီးတော့ ကျယ်ပြန့်တာဖြစ်တဲ့ အတွက်ကြောင့် ဦးသိန်းညွန့်ရဲ့ပြင်ဆင်မယ့်ဟာက ပိုပြီးဆီလျော်မယ်လို့ယူဆပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆီလျော်မယ်လို့ယူဆတယ်။

**ဦးသာဌေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့အဆိုက ဆီလျော်မယ်လို့ယူဆတယ်။

**ဦးသာဌေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ဟုတ်ကဲ့ ဥက္ကဋ္ဌကြီး။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူပါမယ်။ ဦးသိန်းညွန့်ရဲ့အဆိုနဲ့ ဥပဒေကြမ်း ကော်မတီရဲ့ အဆိုနှစ်ခုရှိတဲ့နေရာမှာ ဦးသိန်းညွန့်ရဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် များဟာ စက်ခလုတ်အသုံးပြုပြီး ဆောင်ရွက်ပါမယ်။ ထောက်ခံရင် ထောက်ခံကြောင်း ဒီထောက်ခံမှု သည် ဦးသိန်းညွန့်အတွက်ဖြစ်ပါမယ်။ ဒါကြောင့်မို့လို့ ဆန္ဒမဲပေးရန် အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေး

နိုင်ပါပြီ။ ထောက်ခံမဲ ၂၈၀၊ ကန့်ကွက်မဲ ၅၉၊ ကြားနေမဲ ၆ မဲ ဖြစ်တဲ့အတွက် ဦးသိန်းညွန့်ရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၁၀ ဖြစ်ပါတယ်။ ကျွန်တော်တို့ အခန်း(၂) အပိုဒ် ၅ အပိုဒ်ခွဲ(ဃ) အခြားနည်းလမ်းအရဖြစ်စေ၊ မိမိတရားရုံးနှင့် မိမိလက်အောက်ခံ တရားရုံးတစ်ရုံးကို မထီမဲ့မြင်ပြုမှုဟာ အရေးယူခွင့်ရှိပြီး သို့ရာတွင် လက်အောက်ခံ တရားရုံး တစ်ရုံးအပေါ် ကျူးလွန်ကြောင်း စွပ်စွဲထားသည့် မထီမဲ့မြင်ပြုမှုမှာ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်သော မထီမဲ့မြင်ပြစ်မှုဖြစ်ပါက ယင်းပြစ်မှုကို အရေးယူခွင့်မရှိစေရဟူ၍ ဥပဒေကြမ်းကော်မတီမှ မိမိရုံးဆိုတဲ့နေရာမှာ မိမိတရားရုံးကိုသော်လည်းကောင်း၊ ထပ်မံအခြားနည်းလမ်းအရဖြစ်စေ ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ ဆုံးဖြတ်ချက်အတိုင်း ရပ်တည်သွားဖို့ ဆုံးဖြတ်ထားပါတယ်။ သို့ဖြစ်ပါ၍ ဦးသိန်းညွန့်ရဲ့အဆိုအပေါ်မှာတော့ မထောက်ခံတော့ဘဲနဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း လွှတ်တော်မှ သဘောထားဆန္ဒပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့သဘောထားသိလိုပါတယ်။

**ဦးသာဌေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**။ ။ ကော်မတီရဲ့ ပြင်ဆင်ရန် အတည်ပြုချက်ကို လက်ခံသင့်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုကို ထောက်ခံရင် ထောက်ခံကြောင်း အဆုံးအဖြတ်ယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် စက်ခလုတ်အသုံးပြုဆောင်ရွက်ပါမယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်မှ အတည်ပြုဆုံးဖြတ်ပေးပါရန် ဖြစ်ပါတယ်။ ဆန္ဒမဲပေးရန် အသင့်ရှိစေလိုပါတယ်။ ဒီမှာ အသင့်မဖြစ်ပါဘူး။ စက်ခလုတ်ပျက်တယ်။ ကိုယ်စားလှယ်တွေဆီမှာ အသင့်ဖြစ်သလား။ ကဲဒါကြောင့် ဥပဒေကြမ်းပူးပေါင်းကော်မတီရဲ့ ပြင်ဆင်အဆို ကန့်ကွက်လိုတဲ့ပုဂ္ဂိုလ်များ မတ်တတ်ရပ်ပါ။ ဦးသိန်းညွန့်တစ်ယောက်ပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းပူးပေါင်းကော်မတီရဲ့ ပြင်ဆင်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုက်မလာဘူး။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၁၃ ဖြစ်ပါတယ်။ တရားသူကြီးတစ်ဦး၏ ဆုံးဖြတ်ချက်အပေါ်မှာ တရားမျှတစွာ ဝေဖန်သုံးသပ်ချက်ကို ထုတ်ဝေဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှုမမြောက်စေရဆိုပြီးတော့ အဓိက အဲဒီအဓိပ္ပာယ်ကို ပေါ်လွင်ပြီးတော့ ဒါ အမျိုးသားလွှတ်တော်က ပြင်ဆင်ထားပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း ဥပဒေကြမ်းကော်မတီက သဘောတူထားတာဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ဆုံးဖြတ်ချက်အတိုင်း ရပ်တည်သွားမှာဖြစ်တဲ့အတွက် ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်ရဲ့အဆိုကို ကန့်ကွက်ပြီးတော့ ဥပဒေကြမ်းကော်မတီမှ မိမိရဲ့ကော်မတီဆုံးဖြတ်ချက်အတိုင်း လွှတ်တော်ရဲ့သဘောထားဆန္ဒ ရယူသွားလိုပါကြောင်း တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးသာဌေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန် အဆိုပြုချက်အတိုင်း သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း ပြင်ဆင်အဆိုပြုထားပါတယ်။ ဒါကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်သူ ၆ ယောက်သာရှိ၍ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ စာမျက်နှာ ၇ အမှတ်စဉ် ၁၅ ဖြစ်ပါတယ်။ မည်သူမဆို တရားရုံးကို ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ၆ လထက်မပိုသော အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်လုံးဖြစ်စေ ချမှတ်ရမည်ဟူ၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း ဥပဒေကြမ်းကော်မတီက ထောင်ဒဏ်၊ ငွေဒဏ်ထည့်ပြီးတော့ သဘောတူဆုံးဖြတ်ထားပြီးသား ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ဆုံးဖြတ်ချက်အတိုင်း လွှတ်တော်မှ ဆန္ဒရယူပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့သဘောထားပြောပါ။

**ဦးသာဌေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**။ ။ ထောင်ဒဏ်၊ ငွေဒဏ် နှစ်ခုစလုံးပါဖို့ လိုအပ်တဲ့ဥပဒေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန် တင်ပြထားတာကို သဘောတူထောက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်တီရဲ့ ပြင်ဆင်ချက်ဖြစ်သော အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အဆိုကို ကန့်ကွက်ရန် ရှိပါက မတ်တတ်ရပ်ပေးပါ။ ကန့်ကွက်သူ ၂၂ ယောက်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်တီက ဆက်လက်တင်ပြပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ စာမျက်နှာ ၇၊ ၈ မှာ ဖြစ်ပါတယ်။ အမှတ်စဉ် ၁၆ မည်သူမဆိုတရားရုံးကို တရားမဆိုင်ရာ တရားရုံးကို မထီမဲ့မြင်ပြစ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား တစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ထိုသို့ ငွေဒဏ်ချမှတ်ရုံလောက်ဖြင့် လုံလောက်မှုမရှိဟုထင်မြင်ပါက သုံးလထက်မပိုသော တရားမ ထောင်ဒဏ်ကို ချမှတ်ရမည်ဟူ၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ်မှာ ဥပဒေကြမ်း ကော်မတီနဲ့ ပြင်ဆင်ထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ဆုံးဖြတ်ချက်ဖြစ်တဲ့အတွက် ဥပဒေကြမ်း ကော်မတီရဲ့ ဆုံးဖြတ်ချက်အတိုင်း လွှတ်တော်မှ သဘောထားဆန္ဒရယူပေးပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးသာဌေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**။ ။ ငွေဒဏ်ချမှတ်ရုံနဲ့ လုံလောက်မှုမရှိပါမှ သုံးလထက် မပိုသောထောင်ဒဏ်ကို တရားမထံမှ ချဖို့အတွက် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန်တင်ပြ ထားတဲ့ဟာ ဆီလျော်ပါသဖြင့် လက်ခံသင့်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်လိုသူရှိက မတ်တတ် ရပ်ပါ။ ညာဘက်မှာ ၁၇ ယောက်။ ထိုင်နိုင်ပါပြီ။ ကန့်ကွက်သူ ၁၇ ယောက်သာရှိ၍ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၁၉ ဖြစ်ပါတယ်။ အမှတ်စဉ် ၁၉ မှာတော့ ဦးသိန်းရီ၊ ထန်းတပင်နဲ့ ဦးသိန်းညွန့်၊ သယ်န်းကျွန်းတို့ တင်ပြထားတဲ့ ပြင်ဆင်အဆိုပြုချက် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ မူလပြဋ္ဌာန်းချက်

ဖြစ်တဲ့ တရားရုံးကို မထီမဲ့မြင်ပြုမှုကို ကျူးလွန်ခဲ့သည်ဟု အဆိုရှိသောနေ့မှစ၍ တစ်နှစ်အတွင်းအမှုကို စွဲဆိုရမည်။ သတ်မှတ်ထားသော ကာလထက်ကျော်လွန်ပါက မည်သည့်တရားလွှတ်တော်ကမျှ အဆိုပါအမှုကို အရေးယူဆောင်ရွက်ခြင်းမပြုရဆိုတဲ့ မူလပြဋ္ဌာန်းချက်အတိုင်း သဘောတူထားချက်ကို ညှိနှိုင်းချက်အရ ဦးသိန်းရီ၊ ထန်းတပင်အား တင်ပြရန် ကျွန်တော်တို့ ညှိနှိုင်းထားခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီအနေနဲ့ ဦးသိန်းရီ၊ထန်းတပင် တင်ပြချက်အပေါ်မှာ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးသာဌေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်ပြထားတဲ့ အချက်အပေါ်မှာလည်း ဥပဒေကြမ်းကော်မတီက ထောက်ခံထားတဲ့အတွက်ကြောင့် အဲဒီအတိုင်းပဲ ဆက်လက်ရပ်တည်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့်ဒီမှာမေးတဲ့မေးခွန်းက ဦးသိန်းရီရဲ့အဆိုပြုမှုနဲ့ ဦးသိန်းညွန့်ရဲ့ အဆိုပြုမှု ဘယ်ဟာကိုထောက်ခံပါလဲ။

**ဦးသာဌေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**။ ။ ဦးသိန်းရီရဲ့ အဆိုပြုချက်အတိုင်းဖြစ်ပါတယ်။ ထောက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းရီရဲ့ ပြင်ဆင်တင်ပြချက်ကို ကန့်ကွက်လိုသူရှိပါက မတ်တတ်ရပ်ပါ။ ကန့်ကွက်သူ ၂၉ ယောက် ။ ကန့်ကွက်သူ ၂၉ ဦးသာရှိ၍ ဦးသိန်းရီရဲ့ ပြင်ဆင်တင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ တရားရုံးများမထီမဲ့မြင်ပြုမှု ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို သက်ဆိုင်ရာဌာန၏ အတည်ပြုချက်အတိုင်း အတည်ပြုမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်ကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တရားရုံးများမထီမဲ့မြင်ပြုမှု ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါ သလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ တရားရုံးများမထီမဲ့မြင်ပြုမှုဥပဒေကြမ်း တစ်ရပ်လုံးကိုပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးရဲ့ နဝမနေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒသမနေ့ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၃း၃၅ နာရီအချိန် တွင် ရပ်နားပါသည်။]